# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဂါဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဂါဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၉၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်အောင်ပွဲ (၁)နှစ်ပြည့်အထိမ်းအမှတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၂၀

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် အောင်ပွဲ (၁)နှစ်ပြည့် အထိမ်းအမှတ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ် အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ၊ နိုင်ငံတော်သြဝါဒါစရိယ၊ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု

*စာမျက်နှာ ၃ ကော်လံ ၁* ◆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေါက်မြိုင်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

**ယနေ့ ဖတ်စရာ**

**ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ရန်ကုန်မြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ**

ပြည်တွင်းသတင်း | စာ ၆

**ကျေးလက်လမ်းများ ရာသီမရွေးကောင်းမွန်ရေးမှသည် စီးပွားရေးဖွံ့ဖြိုးရေးဆီသို့**

ဆောင်းပါး | စာ ၁၀



**နိုင်ငံ့အင်အား ကျေးလက် လမ်းတံတား**

ဆောင်းပါး | စာ ၁၆

## စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုအောင်မြင်ရေး ပညာပေးလုပ်ငန်းများ ပိုမိုမြှင့်တင်

အမှိုက်စွန့်ပစ်မှု လွန်စွာစည်းစနစ်ကျပြီး တစ်ရွာလုံးအံ့သြဖွယ် ကောင်းလောက်အောင် သန့်ရှင်းသည့် ကျေးရွာကလေး တစ်ရွာအကြောင်း သတင်းတစ်ပုဒ် မီဒီယာအချို့တွင် လွန်ခဲ့သည့် နှစ်အနည်းငယ်က ဖော်ပြခဲ့သည်။ စာသင်ကျောင်းက သင်ကြားပေးလိုက်သည့် အမှိုက်စွန့်ပစ်မှု အလေ့အကျင့်ကောင်းကို ကျောင်းသူ ကျောင်းသား ကလေးငယ်များက အသိတရားရှိရှိဖြင့် လိုက်ပါကျင့်သုံးကြရာမှ လူကြီးမိဘများပါ ပါဝင်လာပြီး တစ်ရွာလုံး အမှိုက်ကင်းစင်ရွာ ဖြစ်လာခဲ့ပုံမှာ အခြားမြို့ရွာများအားလုံး အတုယူဖွယ်ရာပင်ဖြစ်သည်။

အမှိုက်ကင်းစင်၍ သန့်ရှင်းသာယာလှပမှုကို လူတိုင်းနှစ်သက်ကြသော်လည်း မိမိကိုယ်ကို တာဝန်မယူနိုင်သူ၊ လူမှုတာဝန်သိစိတ်ကင်းမဲ့သူ၊ အမှိုက်စွန့်ပစ်မှု အလေ့အကျင့်ကောင်းများ မရှိသူတို့မှာ သန့်ရှင်းသပ်ရပ်၍ သာယာလှပသည့် ပတ်ဝန်းကျင်ကို မဖန်တီးနိုင်သည့်အပြင် ပါဝင်ကူညီထိန်းသိမ်းမှုလည်း မပြုလုပ်နိုင်ကြ။ ကာလကြာရှည်စွာ အမှိုက်များပိတ်ဆို့နေသည့် ရေနုတ်မြောင်းကြီးများကို ရှင်းလင်းပေးခြင်း၊ နှစ်ရှည်လများ စွန့်ပစ်ခဲ့သည့် အမှိုက်များ တောင်ပုံယာပုံဖြစ်နေသည့် နောက်ဖေးလမ်းကြားများကို သန့်ရှင်းစေပြီး ဥယျာဉ်ငယ်များသဖွယ် ဖန်တီးခြင်းတို့ကို ပရဟိတစိတ်ဓာတ်ပြည့်ဝသူများက စုပေါင်းအင်အားဖြင့် ပြုလုပ်ပေးခဲ့သော်လည်း စည်းကမ်းမဲ့သူတို့ကြောင့် မတည်မြဲနိုင်ခဲ့။ အကယ်၍သာ အမှိုက်ကင်းစင်သည့် ရွာကလေးမှ ကလေးများနှင့် ရွာသူ ရွာသားများကဲ့သို့ စိတ်ဓာတ်ကောင်းနှင့် အလေ့အကျင့်ကောင်းတို့ ရှိကြမည်ဆိုလျှင် မြို့တိုင်း၊ ရွာတိုင်း အမှိုက်ကင်းစင်၍ သန့်ရှင်းသာယာပြီး ကျန်းမာရေးနှင့်ကိုက်ညီသည့် ပတ်ဝန်းကျင်များ ပေါ်ထွက်လာမည်ဖြစ်သည်။

လူဦးရေတိုးပွားလာပြီး စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှ စွန့်ပစ်ပစ္စည်းများလည်း များပြားလာလျက်ရှိရာ အဆိုပါ အခြေအနေကို ရေရှည်ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် "မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာ" နှင့် "ပင်မလုပ်ငန်း အစီအစဉ် (၂၀၁၈-၂၀၃၀)" ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မဟာဗျူဟာ ပန်းတိုင်များအဖြစ် (က) ထိရောက်သည့် စွန့်ပစ်ပစ္စည်း သိမ်းဆည်းခြင်း ဝန်ဆောင်မှုလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ စည်းကမ်းမဲ့စွန့်ပစ်ခြင်းနှင့် လဟာပြင်မီးရှို့ခြင်းများ ပပျောက်ရေးဆောင်ရွက်ခြင်း၊ (ခ) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ (ဂ) ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (3Rs) ဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ခြင်း၊ (ဃ) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေမည့် ရန်ပုံငွေထားရှိစေခြင်း၊ (င) အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ထောက်ခံအားပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ (စ) လိုက်နာဆောင်ရွက်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊ လိုက်နာဆောင်ရွက်စေခြင်းဟူ၍ ရည်မှန်းချက်ပန်းတိုင် (၆) ခု ချမှတ်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိစေရေးတွင် ပြည်သူများ အသိရှိရှိ ပူးပေါင်းပါဝင်မှုသည် အရေးကြီးသည့်အလျောက် ပြည်သူများအား အသိပညာပေးမှုများ မြှင့်တင်ဆောင်ရွက်ရန်လိုအပ်သည်။ အမျိုးသားစည်းကမ်းအစဖြစ်သော စာသင်ကျောင်းများက လေ့ကျင့်သင်ကြားပေးလိုက်သည့် အမှိုက်စွန့်ပစ်မှုအလေ့အကျင့်ကောင်းသည် ကျောင်းသူကျောင်းသားကလေးငယ်များမှ အစပြု၍ ရပ်ရွာထဲအထိ ရောက်ရှိခဲ့သည့် စံနမူနာအတိုင်းပင် အသိတရားစွဲမြဲဖို့က အဓိကဖြစ်သည်။ စည်းမျဉ်းစည်းကမ်းဥပဒေများ မည်မျှပင် ချမှတ်ထားသည်ဖြစ်စေ လူတိုင်းအသိကိုယ်စီဖြင့် လိုက်ပါဆောင်ရွက်ရေးသည် အရင်းခံဖြစ်သည့်အလျောက် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု ပညာပေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ရပါမည့်အကြောင်း။ ။

## အဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏သြဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့်ပိဋကတ်သုံးပုံပါဠိတော်အဖွင့် အဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ ၂ အုပ်၊ ပုံနှိပ်ဆဲမှာ ၆ အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာ ၂၀ အုပ် ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀/- (ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉-၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး)၊ သာသနာရေးဦးစီးဌာန၊ ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉- ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး (ညွှန်ကြားရေးမှူး)၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဖုန်း-၀၁ ၈၆၆၁၂၇၅၊ ၀၉-၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း (ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ ဖုန်း- ၀၂ ၄၀၆၁၁၂၊ ၀၉-၄၂၁၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး)၊ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉-၂၀၃၈၅၆၃၊ ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး)၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉-၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။ **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၂၀-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ် ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၉-၇-၂၀၂၄) ရက်နေ့၊ ညနေ (၆:၀၀) နာရီမှ (၂၀-၇-၂၀၂၄)ရက်နေ့၊ ညနေ (၆:၀၀)နာရီအထိ (၂၄) နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ (၃၈) ဦးရှိခဲ့ပြီး ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ (၄)ဦး ဖြစ်ပါသည်။ လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၂၀-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၇၇)ဦးအား ဆေးရုံမှဆင်းခွင့် ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကိုကာကွယ်ရန် ယင်နားစာအပါအဝင် မသန့်ရှင်းသောအစားအစာ စားသုံးခြင်းကို ရှောင်ကြဉ်ပါ၊ သောက်ရေသန့်(သို့မဟုတ်) ရေကိုကျိုချက်၍ သောက်ပါ၊ လက်သန့်စင်ရေး နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုပါ၊ ယင်လုံအိမ်သာသုံးစွဲပါ၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ၊ ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ -၂၀၂၄ (တက္ကသိုလ်အဆင့်)ကို Online မှ ကျင်းပသွားမည်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပမည့် ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်)ကို Online မှတစ်ဆင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ပြိုင်ပွဲဝင်ဖိတ်ခေါ်ခြင်း အသေးစိတ်အချက်အလက်များကို အောက်ပါ Link တွင် Download ရယူနိုင်ကြောင်း သိရှိရပါသည်-

https://www.ncsc.gov.mm/CAVC2024_RegistrationForm.pdf

https://www.ncsc.gov.mm/CAVC2024_Announcement.pdf




ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၂) ဆုတို့ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသော Video ဖိုင်အား ဘရူနိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ASEAN – JAPAN Cybersecurity Awareness Video Competition – 2024 ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု ပေးပို့ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အသေးစိတ်သိရှိလိုပါက အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၏ ဝဘ်ဆိုက် www.ncsc.gov.mm သို့ လည်းကောင်း၊ ဖုန်းနံပါတ် – ၀၆၇-၃၄၂၂၂၇၂ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရှိရပါသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂါဓိပတိသာသနဝိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်စဉ်။

◆ *ရှေ့ဖုံးမှ*

ဘဒ္ဒန္တ အာစိဏ္ဏတို့ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆီမီးကပ်လှူပူဇော်**

အခမ်းအနား မစတင်မီ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါဓိပတိသာသနဝိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်

*စာမျက်နှာ ၄ သို့*



## ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်ကုန်းမြို့ မဟာသီဟနာဒ ကျောင်းတိုက်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

# ငါးပါးသီလ ခံယူဆောက်တည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများ ပေါက်မြိုင်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြစဉ်။





*စာမျက်နှာ ၃ မှ*

အခမ်းအနား တက်ရောက်လာကြသူများက ပေါက်မြိုင်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပေါက်မြိုင်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မဟာသီဟနာဒ ကျောင်းတိုက်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာကျောင်းတိုက် ပဓာန နာယက

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၄ မှ*

ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

"မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်** ဟူသော ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်ကြာ မြန်မာသက္ကရာဇ်အခါ တော်နေ့တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာခမ်းအနားများကို အောင်မြင်စွာ ဆင်ယင်ကျင်းပ ပူဇော်နိုင်ခဲ့ပြီး ယနေ့တွင် "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်အောင်ပွဲ တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

# မကွေး၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးရရှိသည့် မြို့နယ်များ၊ ကျောင်းများအား ဂုဏ်ပြုချီးမြှင့်



**မကွေး ဇူလိုင် ၂၀**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ နှင့် တိုင်းဒေသကြီးအတွင်း အောင်ချက်အကောင်းဆုံး ရရှိသည့် မြို့နယ်များ၊ ကျောင်းများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က တက္ကသိုလ်ဝင်တန်း အောင်မြင်သောသူများအနေဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကိုလည်း မကွေးတိုင်းဒေသကြီးအနေဖြင့် တစ်နိုင်ငံလုံးတွင် အောင်ချက်အကောင်းဆုံး၊ ပထမအဆင့် ပြန်လည် ရရှိရေးအတွက် တက်ရောက်လာသည့် တာဝန်ရှိသူ များ အားလုံးက စည်းလုံးညီညာစွာ အတူလက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်စိုးနိုင်က ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆောင်ရွက်ခဲ့မှု များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နိုင်ငံတော်အဆင့် "Top Ten" ဆုရရှိသူ နှစ်ဦး၊ အောင်ချက် အကောင်း ဆုံး မြို့နယ်သုံးမြို့နယ်၊ အောင်ချက်အကောင်းဆုံး ကျောင်းသုံးကျောင်းနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြု လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲ အကြိုဆန်းစစ်လွှာ မေးခွန်းပြုစုပေးခဲ့သည့် ဆရာ ဆရာမ များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ချီးမြှင့်ပေးအပ် ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ ကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၀**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက် ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပစာရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ အလုံမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံ တပ်မတော်သားများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်ဆည်တက္ကသိုလ်၌ ပျားမွေးမြူရေးဆိုင်ရာအသိပညာပေး သင်တန်းဖွင့်လှစ်

**စဉ့်ကိုင် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် သတ္တဗေဒဌာနမှ ကြီးမှူးကျင်းပသော ပျားမွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းကို ယမန်နေ့က အဆိုပါတက္ကသိုလ်ရှိ THEATRE ခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ရီရီဦးက သင်တန်းအမှာစကား ပြောကြားပြီး သတ္တဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာလှဲ့လှဲ့ထွန်းက ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအရ သင်ကြားရေးနှင့် သုတေသနစာတမ်းများ၊ သုတေသန လုပ်ငန်းများအပြင် လူ့ဘောင် အဖွဲ့အစည်းအတွက် အကျိုးပြုမှု၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညွှန်ကြားချက်များကို ခံယူကာ သတ္တဗေဒဘာသာရပ်တွင်သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် မိမိတို့ ဘွဲ့ရသည့်အခါ မိမိတို့ သင်ယူလေ့လာခဲ့သည့် ပညာရပ်များကို လုပ်ငန်းခွင်၌ လည်းကောင်း၊ ကိုယ်ပိုင် တစ်ပိုင် တစ်နိုင် ပျားမွေးမြူရေးလုပ်ငန်းများ တွင်လည်းကောင်း အသုံးချနိုင်ရန် များစွာအကျိုးကျေးဇူး ရရှိစေလိုသော ရည်ရွယ်ချက်များဖြင့် ယခုလို ပျားမွေးမြူရေးသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဦးစီးဌာန(ခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပျားမွေးမြူရေးဆိုင်ရာ သိကောင်းစရာများ အကြောင်းကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး သင်တန်းကို စာတွေ့/လက်တွေ့ စတင်ပို့ချ သင်ကြားပေးခဲ့ရာ သင်တန်းသား သင်တန်းသူများက စိတ်ဝင်တစား လေ့လာသင်ယူခဲ့ကြကြောင်းသိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**



# ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ရန်ကုန်မြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ



**ရန်ကုန် ဇူလိုင် ၂၀**

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ရန်ကုန်မြို့ရှိ ဘုရားစေတီများ၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)အခမ်းအနားများကို ယနေ့နံနက် ၅ နာရီမှ စတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

**ကပ်လှူပူဇော်**

ရှေးဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင်ဧည့်ခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည်ဘုရားပင့်ဂါထာတော်ဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ နတ်ဗြဟ္မာများအား ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှမ်းရွတ်ဆိုပူဇော်ခြင်း၊ ပရိသတ်အပေါင်းတို့က ဓမ္မစက္ကပ္ပဝတ္တနပါဠိတော်ကို ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်း အမျှဝေခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ကြသည်။

ယင်းနောက် စေတီတော်ရင်ပြင်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ စတင်၍ ရွှေကြာသင်္ကန်း လှည့်လည်ပူဇော်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဝါဆိုရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်ကာရင်ပြင်တော်တစ်ပတ်လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စေတီတော်ရင်ပြင်အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ဘုရားကို ရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်၍ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက အာရုံခံတန်ဆောင်းမုခ် လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာ ဘုရားများအား ဝါဆိုရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် (ဓမ္မစကြာအခါတော်နေ့) ရေစက်ချ မင်္ဂလာအခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့်ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

**ကိုးပါးသီလခံယူဆောက်တည်**

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇဓမ္မာစရိယ မြသိန်းတန် ပရိယတ္တိစာသင်တိုက်ဆရာတော်ဘဒ္ဒန္တဇာဂရထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးသောင်းစိန်ဦးက အဖွင့်မင်္ဂလာစကား လျှောက်ထားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဒွိပိဋ္ဋကဓရ၊ ဝိနယဒီဃနိကာယ ပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ဂေါပကရုံး၌ ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသံဝရာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်မြတ်တို့ ချီးမြှင့်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြကာ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသံဝရာဘိဝံသထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြပြီး ရေစက်ချအမျှပေးဝေကြသည်။

**ရွှေကြာသင်္ကန်းကပ်လှူ**

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက ရွှေကြာသင်္ကန်းတော်ကိုင်ဆောင်လျက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကိုလက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်ကြပြီး ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ မွန်းလွဲပိုင်းတွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ရုံးအပေါ်ထပ်၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပကြသည်။

အလားတူ ဝရဒါ၌ာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ ကျိုက်ဝိုင်းစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ မဟာဝိဇယစေတီတော်၊ သမိုင်းဝင်မဟာဓမ္မရံသီအိမ်တော်ရာ စေတီတော်၊ ကျိုက္ကဆံစေတီတော်၊ ဆုတောင်းပြည့် မယ်လမုစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားတို့၌လည်း သက်ဆိုင်ရာစေတီတော် ဂေါပကအဖွဲ့ဝင်များ ကြီးမှူး၍ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) အခမ်းအနားများကို ကျင်းပကြသည်။

ယနေ့ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာပြည်သူများအား အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြရာ အထူးစည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။

**ကိုကိုဇော်**

**ဓာတ်ပုံ -ဇော်မင်းလတ်MNA**

## ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် ဇူလိုင် ၂၀**

ဝါဆိုလပြည့်နေ့သည် သန္ဓေတောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာဆိုသော ထူးမြတ်သည့် ဂုဏ်ဒြပ်လေးရပ်အပြင် ဗုဒ္ဓမြတ်စွာဘုရားဖြစ်ကြောင်း ဝန်ခံသောနေ့ဖြစ်ခြင်း၊ တရားရတနာစတင် ပေါ်ပေါက်လာသောနေ့ဖြစ်ခြင်း၊ သံဃာရတနာစတင်ပေါ်ပေါက်လာသောနေ့ဖြစ်ခြင်း၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံလာသောနေ့ဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ဟောဘိကွန့်ဟူသောစကားကို စတင်ကြားရသောနေ့ဖြစ်ခြင်း စသည်ဖြင့် ထူးခြားဂုဏ်ဒြပ် ကိုးရပ်တို့နှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ကုသိုလ်ဒါနသီလ ပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ် ဆောင်ရွက်ကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် မန္တလေးမြို့ရှိမဟာမြတ်မုနိဘုရားကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသူများနှင့် စည်ကားလျက်ရှိသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၊ အပန်းဖြေစခန်းများ၌လည်း လာရောက်အပန်းဖြေအနားယူကြသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)၌ ဘုရားဖူးကြသူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားနေမှုဓာတ်ပုံမြင်ကွင်း

သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာဆိုသော ထူးမြတ်သည့်ဂုဏ်ဒြပ် လေးရပ်ဖြစ်သည့် ဘုရားအလောင်းတော် ပဋိသန္ဓေယူရာနေ့၊ အလောင်းတော် တောထွက်သည့်နေ့၊ ဘုရားရှင်အဖြစ် ဓမ္မစကြာတရားဦး ဟောသည့်နေ့၊ ဘုရားရှင်တန်ခိုးပြာဋိဟာ ပြသည့်နေ့ ဟူ၍ အမှတ်အသားပြုထားကြသည့် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်များ အားလုံးအတွက် မင်္ဂလာရှိပြီး ထူးမြတ်သောနေ့ဟု မှတ်ယူခဲ့ကြသည်။ ထို့ကြောင့် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)ဖြစ်သည့် ယနေ့တွင် နိုင်ငံတစ်ဝန်းမြို့နယ်များရှိ ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်းများ စည်ကားသိုက်မြိုက်စွာ ပြုလုပ်နေကြပုံကို စုစည်းဖော်ပြအပ်ပါသည် -



မုဒုံမြို့နယ်အတွင်းရှိ လျောင်းတော်မူဘုရားကြီးနှင့် တန်ခိုးကြီးဘုရားစေတီများ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကုသိုလ်ဒါနသီလ ပွားများသူများ၊ လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူကြသူများ စည်ကားနေစဉ်။ အောင်မျိုးသူ(ပြန်/ဆက်)



ကျိုက်လတ်မြို့နယ် တိလောကမာရဇိန်မြတ်စွာဘုရားကြီးတွင် ဘုရားဖူးလာရောက်သူများ စည်ကားနေစဉ်။ မြို့နယ်(ပြန်/ဆက်)



ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ ဥပုသ်သီလဆောက်တည်သူများ၊ အလှူအတန်းပြုသူများဖြင့် စည်ကားစွာတွေ့ရစဉ်။ မောင်မောင်မြင့် (ရေနံသာမြေ)



ကျိုက်ထိုမြို့နယ်၌ ယနေ့နံနက်ပိုင်းက ဘုန်းတော်ကြီးကျောင်းများ၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းသူများ၊ ကုသိုလ်ဘာဝနာ ပွားများသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီးသို့ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်ကြသူများကို တွေ့ရစဉ်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် ကုသိုလ်ကောင်းမှုပြုသူများနှင့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားနေသည်ကို တွေ့ရစဉ်။ မျိုးလှိုင်(တွံတေး)



ပဲခူးမြို့ရှိ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသူများ စည်ကားစွာတွေ့ရစဉ်။ သက်ဖြိုးကြိုင်(ပြန်/ဆက်)



ကျိုက်မရောမြို့နယ်ရှိ သမိုင်းဝင်ဆုတောင်းပြည့်ဘုရားကြီးနှင့် ဘုန်းကြီးကျောင်းများ၌ ဝါဆိုလပြည့်နေ့အခါသမယတွင် အလှူဒါန ပြုသူများ၊ ဥပုသ်သီလဆောက်တည်ကြသူများဖြင့် စည်ကားစွာ တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီတော်များ၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ တွေ့ရစဉ်။ ဘာမီသာ(ပခုက္ကူ)

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကောင်းမှုကုသိုလ် ပြုလုပ်သူများဖြင့်စည်ကား



နေပြည်တော် ဇူလိုင် ၂၀

**ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီများ၌ ပြည်သူများ ဝါဆိုသင်္ကန်းနှင့်ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ကြခြင်းနှင့် တရားဘာဝနာပွားများခြင်း စသည့်ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီးဘုရား စေတီပုထိုးများ၌လည်း ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ ကုသိုလ်ကောင်းမှုပြုလုပ်၍ သီတင်းသီလဆောက်တည်ကြသူ ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားခဲ့သည်။**

နံနက်ပိုင်းမှ စတင်၍ ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထား ပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါ ပွားများစွာဖြင့် လာရောက် ဖူးမြော်ကြသည့် ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားခဲ့သည့် အပြင် **(အပေါ်ယာပုံ)** ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထား သည့် ဂန္ဓကုဋိတိုက်များအတွင်း၌ စိတ်ဝင်တစားဖြင့် လေ့လာကြည့်ရှု ကြသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် ဘုရားဖူးလာပြည်သူများသည် အံ့မခန်းဗိသုကာ လက်ရာများဖြင့် တည်ဆောက် ပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အဦ များကို ဆက်လက်ဖူးမြော် လေ့လာကြည်ညိုကြကာ ရုပ်ပွား တော်မြတ်ကြီး ပရိဝုဏ်တော် အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော် အတွင်း၌ စနစ်တကျတည်ဆောက် ထားရှိသည့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်း အသေး နေရာများ၌လည်း မိသားစုအလိုက်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့ လိုက်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်နေကြသည့် မြင်ကွင်းကိုလည်း ကြည်နူးဖွယ်ရာတွေ့မြင်ရသည်။



အလားတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌လည်း ဝါဆိုရွှေကြာသင်္ကန်းကပ်လှူခြင်း အခမ်းအနားကို ကျင်းပခဲ့ရာ စိတ်အေးချမ်းသာစွာဖြင့် ပါဝင်ကုသိုလ်ယူပြီး သီတင်းသီလ ဆောက်တည်ကြသည့် နေပြည်တော်နှင့်ပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများမှ ဘုရားဖူးလာ ပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားခဲ့ပြီး ညနေပိုင်းတွင် ဆီမီးများ ထွန်းညှိပူဇော်ပွဲကိုလည်း ကျင်းပခဲ့ကြသည်။

ထို့ပြင် နေပြည်တော်ရှိ လက်လုပ်တောင် ရွှေနန်းသွင်း စေတီတော်၊ ရွှေလွှမ်းတောင် စေတီတော်၊ နေရောင်ပြအင်း စေတီတော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့ ဖောင်တော်ချက်မ စေတီတော်၊ ပျဉ်းမနား ဘုရားကိုးဆူစေတီတော်၊ စူဠာမုနိ စေတီတော်၊ ဆုတောင်းရ ဆုတောင်းပြည့် စေတီတော်၊ ဥတ္တရသီရိမြို့နယ်ရှိသတ္တသတ္တာဟ မဟာဗောဓိ စေတီတော်ကြီးနှင့် “ဖွား၊ ပွင့်၊ ဟော၊ စံ” သံဝေဇနိယ (၄)ဌာန အပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများ နှင့် ဓမ္မရိပ်သာများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းများ ကပ်လှူခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှု ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့အတူ ဝါဆိုလပြည့်နေ့သည် အများပြည်သူ ရုံးပိတ်ရက်လည်း ဖြစ်သည့်အတွက် နေပြည်တော် အတွင်း အပန်းဖြေအနားယူရာ နေရာများ၌လည်း လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ အနားယူ အပန်းဖြေကြသည့် ပြည်သူများ ဖြင့်လည်း စည်ကားခဲ့သည်။

ဝါဆိုလပြည့်နေ့သည် ဘုရားအလောင်းတော်တုသိတာနတ်ပြည်မှ စုတေကာ လူ့ပြည်၌ ပဋိသန္ဓေတည်သည့်နေ့၊ သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူပြီး ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသောနေ့၊ သာဝတ္ထိပြည် သရက်ဖြူပင်ခြေရင်း၌ တိတ္ထိတို့ကို နှိမ်နင်း၍ တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်ထွန်းသောနေ့၊ သံဃာရတနာ စတင်ပေါ်သောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့နှင့် ဖောဘိက္ခု- ဟူသောစကားကို စတင်ကြားရသောနေ့ဖြစ်သည့်အတွက် ထူးခြားလှသည့် ဂုဏ်အင်များနှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်ကြောင်းလည်း သိရသည်။ **သတင်းစဉ်**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇူလိုင် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်၊ တတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၂-၇-၂၀၂၄ ရက်မှ ၃၀-၈-၂၀၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊အောင်မြေသာစံမြို့နယ်၊စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှာင်မြို့၊
  ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချိတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် မန္တလေးမြို့နှင့်အနီးဝန်းကျင်ရှိ ဘုရား ၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိ

**မန္တလေး ဇူလိုင် ၂၀**

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားသည့် နေ့တစ်နေ့ ဖြစ်သည့်နှင့်အညီ ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာပွားများ အားထုတ်ခြင်း၊ ရပ်ကွက်၊ လမ်းများရှိ ဓမ္မာရုံများ၌ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

အလားတူ မန္တလေးမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် နံနက်အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်း၊ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းခြင်း၊ ဆွမ်းလောင်းလှူဒါန်းခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်း စသည့်ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့ပြင် မြို့၊ ရွာ၊ ရပ်ကွက်ရှိ ဓမ္မာရုံများတွင် ဝါဆိုသင်္ကန်း၊ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြခြင်း၊ သံဃာတော်များက သီလပေးတရားတော်များနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်ခြင်းစသည့် တရားဓမ္မသံများဖြင့်လည်း ထုံမွှမ်းလျက်ရှိသည်။

ယနေ့တွင် မန္တလေးမြို့၏ အထင်ကရဖြစ်သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူ





အပေါင်းတို့ လာရောက်၍ ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း ကပ်လှူပူဇော်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်းများအပြင် ဥပုသ်သီတင်း သီလဆောက်တည်၍ တရားဘာဝနာအားထုတ်ခြင်းနှင့် ဘာသာရေး၊ လူမှုရေး ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်တို့ကို အဖွဲ့လိုက်၊ မိသားစုလိုက် ရွတ်ဖတ်၍ ကုသိုလ်ကောင်းမှုပြုကြသည်။

အလားတူ အရှေ့ပြင်လုံးဆိုင်ရာ မဟာလောကရန်နိမ်အောင်တော်မူမြတ်စွာဘုရား၊ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင်တော်၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေရောစနကျောက်စိမ်းစေတီတော် အပါအဝင် ဘုရား၊ စေတီများတွင် လာရောက် ဖူးမြော်ကြသည့် ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စေတနာရှင် အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်း ဒါနပြုကြသည်။

ထို့အတူ မန္တလေးမြို့၏ အထင်ကရနေရာများ ဖြစ်သော ကမ်းနားလမ်းရှိ မြို့တော် ဥယျာဉ်၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်၊ ကျုံးအရှေ့ဘက်ခြမ်းရှိ ရတနာပုံဥယျာဉ်၊ အမရပူရမြို့နယ်ရှိ ဦးပိန်တံတားတို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# မောက်မယ်မြို့နယ်၌ ဝါဆိုဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူပွဲ ကျင်းပ

**မောက်မယ် ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ်လုံး ဆိုင်ရာ သာသနာ့ အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပွဲကို ယနေ့နံနက် ၇ နာရီက နန်းဖတ်ခုမ်စေတီတော်ကျောင်းမှ ပရိယတ္တိပါဒက ကျောင်းကြီးစာသင်တိုက်အထိ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ တစ်လျှောက်၌ ကျင်းပသည်။

အဆိုပါ ဝါဆိုဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပွဲတွင် မြို့နယ်စုပေါင်းရုံးရှေ့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်လူမှုရေးအသင်းအဖွဲ့များ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ တစ်လျှောက်တွင် ဒေသခံပြည်သူများက မြို့ပေါ်ရှိ ဘုန်းကြီးကျောင်း ၁၄ကျောင်းနှင့် ကျေးရွာအုပ်စုရှိဘုန်းကြီးကျောင်းကိုးကျောင်းမှ ကျောင်းထိုင်ဆရာတော်များ၊ ရဟန်းသံဃာတော်များ၊ မြို့နယ်အတွင်းရှိ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်နှင့် သံဃာတော်များ အပါး ၁၈၀ တို့ကို ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ စည်ကားသိုက်မြိုက်စွာ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းခဲ့ပြီး အလှူရှင်များက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခဲ့ကြကြောင်း သိရသည်။



**စိုင်းမျိုးသန့်**
**(မောက်မယ်)**



ဇူလိုင်၂၀ရက်(ဝါဆိုလပြည့်နေ့)က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာ ကျောင်းတိုက်အတွင်းရှိ အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား၌ ဥပုသ်သီလဆောက်တည်သူများဖြင့် စည်ကားများပြားနေသည်ကို တွေ့ရစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# စဉ့်ကိုင်မြို့နယ်၌ ဝါဆိုလပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

**စဉ့်ကိုင် ဇူလိုင် ၂၀**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ ထူးခြားသော နေ့ဖြစ်၍ မြတ်စွာဘုရားရှင်မြတ်၏ ထူးခြားသော ဖြစ်စဉ်တို့ကို အာရုံပြုလျက် အနယ်နယ် အရပ်ရပ်၌ တန်ခိုးကြီးဘုရားများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် ရတနာလာဘမုနိဆုတောင်းပြည့် မြွေဘုရားနှင့် ပေါ်တော်မူမြတ်စွာဘုရားတို့တွင် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) နံနက်ပိုင်းက ဘုရားဖူးပြည်သူများ၊ ကုသိုလ်ဒါနပြုကြသူများဖြင့် အထူးစည်ကားသိုက်မြိုက်လျက်ရှိသည်။



ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)သည် အများပြည်သူများ အလုပ်ပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သည့်အတွက် ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများသည် စဉ့်ကိုင်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်သော ရတနာလာဘမုနိဆုတောင်းပြည့် မြွေဘုရား၊ ပေါ်တော်မူမြတ်စွာဘုရား၊ အဓိဋ္ဌာန်အောင် ကံကြီးမ မြတ်စွာဘုရားများတွင် မိမိတို့၏ မိသားစုစီးပွားရေး၊ လူမှုရေး၊ ပညာရေးများကို အဓိဋ္ဌာန်ပြု၍ ဆုတောင်းခြင်းများ၊ အဓိဋ္ဌာန်အောင်၍ အောင်ကန်တော့ပွဲ လာရောက်ကန်တော့သူများ၊ ဘုရားဖူးပြည်သူများအား စတုဒိသာ ကုသိုလ်ပြုသူများဖြင့် အထူးစည်းကားလျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ (ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့)ဇူလိုင်၂၀ရက်တွင်မြို့ပေါ်ရှိဘုရားကျောင်းကန်များတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ ကုသိုလ်ဒါနပြုလုပ်ကြသူများဖြင့် စည်ကားများပြားလျက်ရှိစဉ်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**


# ကျေးလက်လမ်းများ ရာသီမရွေးကောင်းမွန်ရေးမှသည် စီးပွားရေးဖွံ့ဖြိုးရေးဆီသို့

ခန့်ဇော်(ကျေးလက်)

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၇ ခုနှစ်တွင် ကျေးလက်လမ်းမဟာဗျူဟာနှင့်အတူ မွေးဖွားလာပြီး မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ဦးစီးဌာန ဖြစ်ပါသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာ ၂၀၁၇-၂၀၃၀ ကို ၂၀၁၇ ခုနှစ်တွင် Asia Development Bank (ADB)၏ အကူအညီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းရေးဆွဲခဲ့ကြပါသည်။

မဟာဗျူဟာ၏ ရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် မှတ်ပုံတင်ထားသော ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းနှင့် ရာသီမရွေးသွားလာအသုံးပြုနိုင်သောလမ်းများဆောင်ရွက်ရန် ဖြစ်ပါသည်။ လူဦးရေ ၁၀၀၀ အထက်ရှိသော ကျေးရွာအားလုံး ၂၀၂၀ ပြည့်နှစ်တွင် ၎င်းလူဦးရေ ၅၀၀ နှင့်အထက် မှတ်ပုံတင်ထားသော ကျေးရွာများ၏ ၉၅ ရာခိုင်နှုန်းအား ၂၀၂၅ ခုနှစ်တွင် ရာသီမရွေးသွားလာနိုင်သောလမ်းများဖြစ်ရန် လျာထားဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လအထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ ပူးပေါင်းစီမံခန့်ခွဲလျက်ရှိသော မှတ်ပုံတင်ပြီးဖြစ်သည့် ကျေးလက်လမ်းမိုင်ပေါင်း ၆၀၀၀၀ ရှိပါသည်။ ကျေးရွာချင်းဆက်လမ်း၏ ၆ ရာခိုင်နှုန်းသာ ရေပိတ်လွှာမျက်နှာပြင်ဖြစ်သည့် ကွန်ကရစ် သို့မဟုတ် ကတ္တရာမျက်နှာပြင်များဖြစ်ပြီး ၂၈ ရာခိုင်နှုန်းသော လမ်းများသည် အမာခံလမ်း (ကျောက်အရောမျက်နှာပြင် သို့မဟုတ် ကျောက်စရစ်မျက်နှာပြင် သို့မဟုတ် မြေနီ) မျက်နှာပြင်များ ဖြစ်ပါသည်။ ယင်းသည် ကျေးလက်လမ်းများ၏ သုံးပုံတစ်ပုံခန့်သည် လတ်တလော အဆင့်မြှင့်ထားသော မျက်နှာပြင်များရှိနေပြီး အများစုမှာ တစ်နှစ်ပတ်လုံး သွားလာနိုင်မည်ဟု ဆိုလိုခြင်းပင် ဖြစ်ပါသည်။ ကျန်ရှိသော ကျေးလက်လမ်းများ၏ သုံးပုံနှစ်ပုံသည် မြေသားလမ်းများပါဝင်ပြီး ယင်းလမ်းများကို ခြောက်သွေ့ရာသီများတွင်သာ အသုံးပြုသွားလာနိုင်ပါသည်။ မိုင် ၆၀၀၀၀ အရှည်ရှိသော မှတ်ပုံတင်ပြီးသည့် ကျေးလက်လမ်းများအပြင် မိုင် ၆၀၀၀ ခန့်အရှည်ရှိသော ဂျစ်ကားနှင့် ဆိုင်ကယ်များအတွက် လမ်းများ၊ လှည်းလမ်းများနှင့် လူသွားလမ်းများလည်း ရှိပါသေးသည်။ ၎င်းလမ်းအများစုသည် ချင်းပြည်နယ်တွင်ရှိပါသည်။ မဟာဗျူဟာရေးဆွဲခဲ့သည့် ၂၀၁၇ ခုနှစ် ကာလ၌ ပြည်နယ်/ တိုင်းဒေသကြီးအလိုက် လမ်းမျက်နှာပြင် အမျိုးအစားအလိုက် ကျေးလက်လမ်း(မိုင်) အခြေပြပုံကို ဖော်ပြထားပါသည်-





ဖော်ပြပါပုံအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ကွန်ကရစ်/ ကတ္တရာ၊ ကျောက်/ ဂဝံနှင့် မြေသားလမ်း မိုင်အနေဖြင့် ၄၇၁၅၃ မိုင်နှင့် ရာခိုင်နှုန်းအနေဖြင့် ၈၀ ရာခိုင်နှုန်းရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သော ကွန်ကရစ်/ကတ္တရာ၊ ကျောက်/ဂဝံနှင့် မြေသားလမ်းမိုင်အနေဖြင့် ၁၂၃၀၈ မိုင်နှင့် ရာခိုင်နှုန်းအနေဖြင့် ၂၀ ရာခိုင်နှုန်းရှိပြီး စုစုပေါင်း လမ်းမိုင် ၅၉၄၆၁ မိုင်နှင့် ၁၀၀ ရာခိုင်နှုန်းအသီးသီး ဖြစ်ပါသည်။

**မဟာဗျူဟာအကောင်အထည်ဖော်မှု**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မဟာဗျူဟာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအနေဖြင့် ခုနစ်နှစ်တာကာလအတွင်း (၂၀၁၇-၂၀၁၈ မှ ၂၀၂၃-၂၀၂၄ အထိ) ၁၉၄၂၈ မိုင်ကျော် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။

| လမ်းအမျိုးအစား | | မိုင် / ဖာလုံ | တံတားအမျိုးအစား | | အရေအတွက် | ပေ |
|---|---|---|---|---|---|---|
| ကွန်ကရစ်လမ်း | - | ၂၅၂၅ / ၄.၂၇ | ကွန်ကရစ် | - | ၃၄၅၁ စင်း | ၂၂၆၁၈၇ ပေ |
| ကတ္တရာလမ်း | - | ၁၇၇၇ / ၀.၁ | သစ်သား | - | ၈၄ စင်း | ၃၆၀၀ ပေ |
| ကျောက်ချောလမ်း | - | ၃၁၇၃ / ၁.၆ | ကြိုး/ ဘေလီ | - | ၂၅၁ စင်း | ၃၉၈၃၂ ပေ |
| ဂဝံ/ ဂျင်းကျောက် | - | ၆၀၉၁ / ၂.၁၃ | ရေကျော် | - | ၆၄၇ စင်း | ၄၈၆၈၁ ပေ |
| မြေသားလမ်း | - | ၅၈၆၁ / ၁.၈၅ | Box/ Pipe Culvert | - | ၉၆၀၄ စင်း | ၄၃၆၁၀ ပေ |
| **စုစုပေါင်း** | **-** | **၁၉၄၂၈မိုင်/၁.၉၅ဖာလုံ** | **စုစုပေါင်း** | **-** | **၁၄၀၃၇ စင်း** | **၃၆၁၉၁၀ ပေ** |

ကျေးလက်လမ်း/ တံတားများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရန်ပုံငွေ(ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်) ရရှိမှုအနေဖြင့် အနည်းဆုံးခုနှစ်မှာ ၂၀၁၇ ဘဏ္ဍာနှစ်ဖြစ်ပြီး ၁၄၀ ဘီလီယံရရှိခဲ့၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ အများဆုံး ၅၆၅ ဘီလီယံ ရရှိခဲ့သည်ကို တွေ့ရပါသည်။



မြေသားလမ်းများသည် ခြောက်သွေ့ရာသီတွင်သာ သွားလာနိုင်ပြီး ဂဝံနှင့်ဂျင်းကျောက်များသည် မိုးနည်းဒေသများတွင် ရာသီမရွေး သွားလာအသုံးပြုနိုင်ပါသည်။ ရာသီမရွေးသွားလာနိုင်သော လမ်းများ ဆောင်ရွက်နိုင်ခဲ့မှုသည် ၁၃၅၆၇ မိုင်/ ၀ ဒသမ ၁ ဖာလုံနှင့် မြေသားလမ်း ၅၈၆၁ မိုင်/ ၁ ဒသမ ၈၅ ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်သို့ သွတ်သွင်းဖွဲ့စည်းခဲ့ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီး ဌာနအလိုက် ဆောင်ရွက်သင့်သည့်လမ်းများကို အမျိုးအစားအလိုက် ခွဲဝေသတ်မှတ် ဆောင်ရွက်ခဲ့ကြပါသည်။

ဝန်ကြီးဌာနသုံးခုမှ ပိုပြီးဆောင်ရွက်နိုင်မည့် အနေအထားဖြစ်ကြောင်း သုံးသပ်မိပါသည်။ သို့သော် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုရှိရန် လိုအပ်ခြင်းဖြစ်သည့်အတိုင်း ပုံမှန်ဆက်သွယ်ညှိနှိုင်းမှုအပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပသည့် အစည်းအဝေးများတွင်လည်း ညှိနှိုင်းဆောင်ရွက်သည့်စနစ် ချမှတ်ဆောင်ရွက်နေပါသည်။ ညှိနှိုင်းဆောင်ရွက်သည့်နေရာတွင် ကုန်ထုတ်လမ်းများနှင့် ကျေးလက်လမ်းကွန်ရက်များ ချိတ်ဆက်မှု၊ ရွာတွင်းလမ်းများနှင့် ကျေးလက်လမ်းကွန်ရက်များ ချိတ်ဆက်မှု၊ ကျေးလက်လမ်းများနှင့် မြို့ချင်းဆက်လမ်းများ ချိတ်ဆက်မှုများ စနစ်တကျရှိရေး၊ စီမံကိန်းများမထပ်စေရေးနှင့် ဦးစားပေးရွေးချယ်မှုများ ထိရောက်စေရေးတို့ကို မြို့နယ်အဆင့်မှသည် ပြည်ထောင်စုအဆင့်အထိ ညှိနှိုင်းတိုင်ပင် ပေါင်းစပ်ဆောင်ရွက်နေကြပါသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲခွင့်ရှိသော မှတ်ပုံတင်ထားသည့်လမ်းစာရင်းနှင့် မှတ်ပုံမတင်ရသေးသော်လည်း ဆောင်ရွက်ပေးထားမှု စာရင်းများအရ ၂၀၂၃-၂၀၂၄ နှစ်ကုန်တွင် လမ်းမိုင်ပေါင်း ၄၃၉၇၇ မိုင် ၄ ဖာလုံ ရှိပါသည်။

| | | | | |
|---|---|---|---|---|
| (က) | ကွန်ကရစ်လမ်း | ၂၆၂၃ မိုင် | ၂.၈၃ ဖာလုံ | ရာသီမရွေး သွားလာနိုင်သော လမ်းမိုင် (၁၄၁၂၀)မိုင် (၇.၁၈) ဖာလုံ (၃၂.၁၁)% |
| ( ခ ) | ကတ္တရာလမ်း | ၂၁၅၉ မိုင် | ၂.၄၆ ဖာလုံ | |
| ( ဂ ) | ကျောက်လမ်း | ၅၁၈၂ မိုင် | ၅.၄၃ ဖာလုံ | |
| (ဃ) | ဂဝံ/မြေနီ/ ကျောက်စရစ် (ရာသီမရွေး) | ၄၁၅၅ မိုင် | ၄.၄၆ ဖာလုံ | |
| ( င ) | မြေသားလမ်း (ခြောက်သွေ့ ရာသီ) | ၂၅၉၁၃ မိုင် | ၁.၇၅ ဖာလုံ | ခြောက်သွေ့ရာသီတွင် သွားလာနိုင်သော လမ်းမိုင် (၂၉၈၅၆)မိုင် (၄.၈၆) ဖာလုံ (၆၇.၈၉)% |
| ( စ ) | ဆိုင်ကယ်လမ်း | ၃၉၄၃ မိုင် | ၃.၁၁ ဖာလုံ | |
| | **စုစုပေါင်း** | **၄၃၉၇၇ မိုင်** | **၄.၀၄ ဖာလုံ** | |




ရာသီမရွေးသွားလာနိုင်သောလမ်းမှာ ၃၂ ဒသမ ၁၁ ရာခိုင်နှုန်းသာရှိပြီး ခြောက်သွေ့ရာသီမှ သွားလာနိုင်သော မြေသားလမ်းနှင့် အဆင့်မြှင့်ရန်လိုအပ်သည့် ဆိုင်ကယ်လမ်းများက ၆၇ ဒသမ ၈၉ ရာခိုင်နှုန်းရှိခြင်းကြောင့် ၂၀၃၀ ပြည့်နှစ်အထိ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစ၍ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ခြောက်နှစ်အတွင်း မူလရည်မှန်းထားသည့် ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်း ရာသီမရွေးသွားလာနိုင်သောလမ်းများအဖြစ် အဆင့်မြှင့်တင်ရန်မှာ စိန်ခေါ်မှုများစွာ ရှိနေသည်ကို သုံးသပ်တွေ့ရှိရပါသည်။

**စိန်ခေါ်မှုများ**

အဓိကစိန်ခေါ်မှုများမှာ ဒေသတည်ငြိမ်အေးချမ်းမှုမရှိ၍ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် လိုအပ်ချက်များပြီး ဒေသတွင်းအခြေအနေများအရ ဖွံ့ဖြိုးရေးလုပ်ငန်းများ မလုပ်နိုင်သည်ကို တွေ့ရပါသည်။ ဒါ့အပြင်အခြေအနေအရ ၎င်းဒေသများတွင် ပုံမှန်ဈေးနှုန်းထက် နှစ်ဆ/သုံးဆ များနေသည့်အတွက် စီးပွားရေးတွက်ခြေကိုက်မှုမရှိတာကို တွေ့ရပါသည်။ ယင်းအခြေအနေများကြောင့် ဘဏ္ဍာငွေရရှိမှုသည်လည်း အကန့်အသတ်ရှိလာပါသည်။

**ရာသီမရွေးသွားလာနိုင်မှု**

ရာသီမရွေး သွားလာနိုင်သော ကျေးရွာများအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကုန်တွင် ၁၈၈၈၃ ရွာရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကုန်တွင် ၂၀၇၀၄ ရွာအထိ ရှိလာမည်ဖြစ်ပါသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ရမည့် ကျေးရွာပေါင်းမှာ စာရင်းများအရ ၄၁၆၂၀ ရွာရှိပြီး ၂၀၂၃ ခုနှစ် GAD စာရင်းအရ တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ၆၃၂၁၇ ရွာဖြစ်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော ကျေးလက်လမ်းများကို အသုံးပြုမည့် ကျေးရွာများမှာ ၆၅ ဒသမ ၈၄ ရာခိုင်နှုန်းဖြစ်ကြောင်းတွေ့ရှိရပါသည်။ မှတ်ပုံမတင်ရသေးသော ကျေးရွာများအတွက်ပါ ဆောင်ရွက်နေရခြင်းကြောင့် ကျေးရွာ ၇၀ ရာခိုင်နှုန်းခန့်ကို ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ကျန်ကျေးရွာများမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ဆောင်ရွက်နေသော အမြန်လမ်းများ၊ မြို့ချင်းဆက်လမ်းများပေါ်တွင် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိခန့်တည်ရှိပြီး မြို့ချင်းဆက်လမ်းများပေါ်တွင်တည်ရှိ၍ ရာသီမရွေးသွားနိုင်သည့် အနေအထားဖြစ်ပါကြောင်း

*စာမျက်နှာ ၁၁ သို့*

## ဆင်ပေါင်ဝဲမြို့နယ်၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှထောက်ပံ့သော ဆန်များကို ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

ဆင်ပေါင်ဝဲ ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆန်များကို ဧရာဝတီမြစ်ရေ ဝင်ရောက်ခဲ့သော အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂) ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ ညံတောအင်း



ကျေးရွာ၊ ရွှေမောင်းစွန်းကျေးရွာ၊ ငန်းပြားကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ ကျောက်ချက်ကျေးရွာ၊ မွန်းညောင်ပင်သာကျေးရွာ၊ ကန်လှကျေးရွာ၊ အလယ်ကန်ကျေးရွာ၊ မကြီးကန်ကျေးရွာ၊ ဒဂုံမှော်ကျေးရွာနှင့် ကျွန်းကျေးရွာတို့ရှိ ရေဘေးသင့် အိမ်ထောင်စုများအတွက် ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဆင်ပေါင်ဝဲမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ရေဘေးသင့်အိမ်ထောင်စု ၃၉၀၊ လူဦးရေ ၁၃၄၀ အတွက် ဆန် ၅၅ အိတ်၊ ပြည် ၂၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ရေဘေးသင့် ရပ်ကွက်/ ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## ညောင်ဦးမြို့၌ ရေဘေးသင့်ပြည်သူများအား ဆန်နှင့်ကြက်ဥ ထောက်ပံ့

ညောင်ဦး ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ရေဝင်ရပ်ကွက်ရှိ ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဘေးကြုံနေရသည့် ဒေသခံပြည်သူများအတွက် စားသောက်ရေးအဆင်ပြေစေရန် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့ဝင်များက ဆန်နှင့် ကြက်ဥများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆန်နှင့်ကြက်ဥထောက်ပံ့ပေးရာတွင် ရန်ကုန်မြို့ဝေမျှခြင်းပရဟိတအဖွဲ့က စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ညောင်ဦးမြို့ ရေဝင်ရပ်ကွက်ရှိ ရေဘေးကြုံနေရသည့် အိမ်ထောင်စု ၃၃ စုအတွက် စားသောက်ရေးအဆင်ပြေစေရန် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်နှင့် ကြက်ဥ ၁၀ လုံးစီတို့ကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

စာမျက်နှာ ၁၀ မှ

- ❍ **ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသည့် ရာသီမရွေးသွားလာနိုင်သော ကျေးရွာပေါင်း ၃၅၇၅၀ ခန့်ဖြစ်အောင် လျာထားဆောင်ရွက်မည်ဖြစ်၍ ၈၅ ရာခိုင်နှုန်းခန့် ရာသီမရွေးသွားလာနိုင်ရန် မျှော်မှန်းထား**
- ❒ **၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ခုနစ်နှစ်ကာလအတွင်း ကျေးလက်လမ်း မိုင်ပေါင်း ၂၄၇၀၇ မိုင်/ ၃ ဒသမ ၂၅ ဖာလုံကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် လျာထားပြီး ရန်ပုံငွေလိုအပ်ချက် စုစုပေါင်း ၇၆၃၈ ဘီလီယံနှင့် တစ်နှစ်လျှင် ဘီလီယံ ၁၁၀၀ ခန့် လိုအပ်မည်**

သုံးသပ်တွေ့ရှိရပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော နယ်စပ်ဒေသလမ်းများ ပေါ်တွင် ၁၅ ရာခိုင်နှုန်းခန့် ရှိနိုင်ကြောင်း သုံးသပ်ရရှိပါသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ မျှော်မှန်းချက်ထားပြီး မဟာဗျူဟာကို ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသည့် ရာသီမရွေးသွားလာနိုင်သော ကျေးရွာပေါင်း ၃၅၇၅၀ ခန့်ဖြစ်အောင် လျာထားဆောင်ရွက်မည်ဖြစ်၍ ၈၅ ရာခိုင်နှုန်းခန့် ရာသီမရွေးသွားလာနိုင်ရန် မျှော်မှန်းထားပါသည်။

**၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ လျာထားချက်နှင့် ရန်ပုံငွေ လိုအပ်မှု**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ခုနစ်နှစ်ကာလအတွင်း ကျေးလက်လမ်းမိုင်ပေါင်း ၂၄၇၀၇ မိုင်/ ၃ ဒသမ ၂၅ ဖာလုံကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် လျာထားပြီး ရန်ပုံငွေလိုအပ်ချက် စုစုပေါင်း ၇၆၃၈ ဘီလီယံနှင့် တစ်နှစ်လျှင်ဘီလီယံ ၁၁၀၀ ခန့် လိုအပ်မည် ဖြစ်ပါသည်။ လျာထားချက်အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းများအား အသုံးပြုသည့် ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းကို ရာသီမရွေးသွားလာနိုင်ရန် ဖြစ်ပါသည်။

**ပြည်နယ်/ တိုင်းဒေသကြီးဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလိုအပ်ချက်နှင့် လုပ်ငန်းစီမံချက်လျာထားမှု**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ (၂၀၃၀-၂၀၃၁) ဘဏ္ဍာနှစ်အထိ ခုနစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်လမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေ လိုအပ်ချက်အနေဖြင့် စုစုပေါင်း ကျပ်သန်း ၇၆၃၈ ဘီလီယံရှိပြီး ဘဏ္ဍာရေးတစ်နှစ်အတွက် ပျမ်းမျှရန်ပုံငွေလိုအပ်မှုအနေဖြင့် ဘီလီယံ ၁၁၀၀ ခန့် လိုအပ်မည်ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ခုနစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်လမ်းလုပ်ငန်းများကို စီမံဆောင်ရွက်မည့်အခြေအနေမှာ-

| | | |
|---|---|---|
| ကွန်ကရစ်/ကတ္တရာ/ ကတ္တရာထပ်ပိုးလွှာ | - | ၅၇၇၀ မိုင်/၇.၇၄ဖာလုံ |
| ကျောက်/ ဂဝံ/ မြေနီ | - | ၁၇၀၃၃ မိုင် / ၀.၆၈ ဖာလုံ |
| မြေသား | - | ၁၉၀၃ မိုင် / ၂.၈၃ ဖာလုံ |
| **စုစုပေါင်း** | - | **၂၄၇၀၇ မိုင်/ ၃.၂၅ ဖာလုံ** |

ဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ခုနစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်တံတားလုပ်ငန်းများကို စီမံဆောင်ရွက်သွားမည့် အခြေအနေမှာ-

| တံတားအမျိုးအစား | အရေအတွက် | | ပေ |
|---|---|---|---|
| ကွန်ကရစ် | ၈၄၈ | စင်း | ၅၈၃၉၁ ပေ |
| Submersible Bridge | ၁ | စင်း | ၂၀၀ ပေ |
| ရေကျော် | ၄၃ | စင်း | ၃၄၂၀ ပေ |
| Box Culvert | ၄၃၃၂ | စင်း | ၁၉၄၂၃ ပေ |
| အခြား | ၂၀၆ | စင်း | ၄၂၆၄၉ ပေ |
| **စုစုပေါင်း** | **၅၄၃၀** | **စင်း** | **၁၂၄၀၈၃ ပေ** |

တို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ကျေးလက်လမ်းကွန်ရက်များနှင့် စီးပွားရေးဖွံ့ဖြိုးမှု**

ကျေးလက်လမ်းများဆောင်ရွက်မှုသည် ကျေးလက်စီးပွားမြင့်မားရေးအတွက် များစွာအထောက်အကူဖြစ်၍ ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါသည်။

**ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်ရေး။** ။ ကုန်ထုတ်လမ်းများ၊ ကျေးလက်လမ်းများ ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်များသို့ အလွယ်တကူ ချောချောမွေ့မွေ့ ပို့ဆောင်နိုင်စေပြီး ထုတ်လုပ်မှုစွမ်းအားကို မြင့်တက်စေပါသည်။ သစ်သီးဝလံများ၊ သားငါးများကို ဈေးကွက်သို့ အချိန်မီရောက်ရှိစေခြင်းဖြင့် လတ်ဆတ်သော ထုတ်ကုန်များကို ဖြန့်ဖြူးစေနိုင်ပါသည်။

**ကုန်ကျစရိတ်လျှော့ချနိုင်မှု။** ။ ကျေးလက်လမ်းများ ကောင်းမွန်ခြင်းကြောင့် အချိန်ကိုသက်သာစေခြင်းနှင့် သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး စီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုစရိတ်ကိုလျှော့ချနိုင်ပြီး စီးပွားရေးလုပ်ငန်းများ ပိုမိုထိရောက် အကျိုးများစေပါသည်။

**အလုပ်အကိုင်ဖန်တီးမှု။** ။ လမ်းများကောင်းမွန်လာခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု စသည့်အခြေအနေများကြောင့် ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး အလုပ်လက်မဲ့ဦးရေကို လျှော့ချနိုင်ခြင်းအပြင် မိသားစုဝင်ငွေကိုလည်း တိုးပွားလာစေနိုင်ပါသည်။

**အရင်းအနှီးရယူမှု။** ။ ကျေးလက်ဒေသလမ်းကွန်ရက်များ ကောင်းမွန်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ၍ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မှု အခြေအနေများ တိုးပွားလာစေနိုင်ပါသည်။

**ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ။** ။ ကျေးလက်ဒေသလမ်းကွန်ရက်များ ကောင်းမွန်လာမှုကြောင့် ကျေးလက်ဒေသတွင် နေထိုင်သူ ကျေးလက်ပြည်သူများအတွက် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို လွယ်ကူစွာရရှိနိုင်ရန် အထောက်အကူဖြစ်စေပါသည်။

**သုံးသပ်တွေ့ရှိချက်များ**

ကျေးလက်လမ်းမဟာဗျူဟာ အကောင်အထည်ဖော်နိုင်မှုကို ပြန်လည်သုံးသပ်ချက်၊ တွေ့ရှိချက်များမှာ-

(က) မြေပြင်အခြေအနေအမှန် လမ်းစာရင်းများ၊ လမ်းအမျိုးအစားများ၊ အသုံးပြုမှုများနှင့် ဖွံ့ဖြိုးရေးအလားအလာ စာရင်းအချက်အလက်များကို မှန်မှန်ကန်ကန်သိရှိနိုင်ရန် MIS စနစ်ထားရှိရန် လိုအပ်ပါသည်။

( ခ ) စီမံကိန်းလျာထားရာတွင် မဟာဗျူဟာရည်မှန်းချက်ပါ ဦးစားပေးအစီအစဉ် ရွေးချယ်ရာတွင် ကျေးရွာတစ်ရွာအတွက် Core Rural Road Network (CRRN) လမ်းကွန်ရက်တစ်ခုရှိရေးကို ဦးစားပေးရန်။

( ဂ ) လူမှုရေးနှင့် စီးပွားရေးကို အကျိုးပြုမှုအများဆုံးကို ဦးစားပေးလျာထားရန်။

(ဃ) Paved Road ကွန်ကရစ်/ကတ္တရာလမ်းများ အချိုးနှင့် မြေသားလမ်းများမှ ရာသီမရွေးသွားနိုင်မည့် ကျောက်ချောလမ်း/ဂဝံ/ ရိစာလမ်းများ လျာထားမှုကို အချိုးအစား မျှတစွာ လျာထားရန်နှင့် စီမံချက်အတိုင်း လျာထားရန်။

( င ) ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးကို ဘက်စုံဆောင်ရွက်ရန်။

( စ ) အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ရန်။

(ဆ) စီးပွားရေးတွက်ခြေကိုက်ပြီး အရည်အသွေးပြည့်မီသည့် လမ်းဒီဇိုင်းဖြစ်ရေး၊ ဒေသအလိုက်ထွက်ရှိသည့် ပစ္စည်းများကို စနစ်တကျခေတ်ခွဲစမ်းသပ်ပြီး လမ်းဒီဇိုင်း ပြုလုပ်ရေးနှင့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်။

( ဇ ) ဌာနဆိုင်ရာများအကြား ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်။

( ဈ ) နှစ်စဉ်လိုအပ်သည့် ဘဏ္ဍာရန်ပုံငွေသည် ကန့်သတ်ချက်ရှိ၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၊ ကျေးလက်ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်မည့် အလားအလာများ၊ နည်းလမ်းများလည်း စဉ်းစားဆောင်ရွက်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ကျေးလက်လမ်းများသည် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအတွက် အလွန်အရေးကြီးပြီး လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက်လည်း အလွန်ပင် အရေးပါပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ပါ၍ ကျေးလက်လမ်းမဟာဗျူဟာ ရည်မှန်းချက်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း အသုံးပြုသူ ပြည်သူများမှ ဝိုင်းဝန်းထိန်းသိမ်းကြရန် တိုက်တွန်းရင်း ၂၀-၇-၂၀၂၄ ရက်နေ့တွင် ကျရောက်သည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကားချက်**

**အမျိုးသားအဆင့်ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာ (၂၀၁၇)**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာပြန်လည်သုံးသပ်ခြင်း (၂၀၂၄)**

## မင်းရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မင်းရွာကျေးရွာအုပ်စု မင်းရွာကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာတို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ ကျေးရွာရှိ ကံကုန်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ရှစ်ပါးနှင့် ဒေသခံပြည်သူ ၁၂၁ဦးတို့ကို နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ဆီးချိုရောဂါ၊ အရိုးအကြောရောဂါ၊ အဖျားရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှူး တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ အဆိုပါ ကျောင်းတိုက် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပန်းဘဲတန်းမြို့နယ် ကျားကမ္ဘာအထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာများ အစည်းအဝေးကျင်းပ

**ပန်းဘဲတန်း ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကျားကမ္ဘာအထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာများ အစည်းအဝေးကို ယမန်နေ့ နံနက်က ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ ကျားကမ္ဘာအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၌ အသင်းဥက္ကဋ္ဌ ဦးကျော်မြင့်ထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က အမှာစကား ပြောကြားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘီးလင်းမြို့နယ် မရမ်းကုန်းကျေးရွာအုပ်စု ကရင်ချောင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းပြုလုပ်

**ဘီးလင်း ဇူလိုင် ၂၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မရမ်းကုန်းကျေးရွာအုပ်စု ကရင်ချောင်ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဝင်များ ရွေးချယ်ခြင်း အစည်းအဝေးကို ဇူလိုင် ၁၇ ရက်က အဆိုပါ ကျေးရွာဓမ္မာရုံ၌ ပြုလုပ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ခံများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ လုပ်ငန်းစဉ်များနှင့် ကျေးရွာပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ ယင်းစီမံကိန်းမှ ရန်ပုံငွေကျပ်သိန်း ၁၅၀ မတည်ပေးပြီး ကျေးရွာ၏ဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖော်ထုတ်၍ ဦးစားပေးအဆင့်အလိုက် လုပ်ငန်းစီမံကိန်းများကို ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄)ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသော ရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊

(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အာဖရိကတိုက်တွင် သင်ကြားရေးဝန်ထမ်းပြတ်လပ် ဆရာ ဆရာမ ၁၅ သန်းခန့် လိုအပ်လျက်ရှိ



ဂါနာနိုင်ငံမြို့တော် အက္ကရာရှိ ဆင်ခြေဖုံးရပ်ကွက်တွင် တရုတ်ဘာသာစကားသင်တန်း တက်ရောက်သည့် ကျောင်းသား ကျောင်းသူများ။

**အက္ကရာ ဇူလိုင် ၂၀**

အာဖရိကတိုက်တွင် သင်ကြားရေးဝန်ထမ်း ဆရာ ဆရာမ ၁၅ သန်း လိုအပ်ချက်နှင့် ရင်ဆိုင်နေရကြောင်း အာဖရိကသမဂ္ဂ အကြီးတန်းအရာရှိတစ်ဦးက ဇူလိုင် ၁၉ ရက်တွင် ပြောကြားသည်။

ပညာရေး၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အာဖရိကသမဂ္ဂ၏ ကော်မရှင်နာ မိုဟာမက် ဘယ်ဟိုဆင်းက ဂါနာနိုင်ငံမြို့တော် အက္ကရာ၌ ပြုလုပ်သည့် အာဖရိကသမဂ္ဂ၏ (၄၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် အာဖရိကတိုက်၏ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယင်းလိုအပ်ချက်က အပျက်သဘောဆောင်သည့် သက်ရောက်မှုဖြစ်ပေါ်နေကြောင်း မှတ်ချက်ပြု ပြောကြားခဲ့သည်။

ထို့ကြောင့် ကုလသမဂ္ဂက သတ်မှတ်ထားသော ပညာရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်-SDGs (၂၀၃၀) ကို အောင်မြင်ရန်အတွက် ဤလိုအပ်ချက်ကို ဖြည့်ဆည်းရန် ကော်မရှင်နာက တိုက်တွန်းလိုက်သည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်၊ ပညာရေးအခြေခံအဆောက်အအုံများ မြှင့်တင်ရန်နှင့် SDGs များကို အချိန်မီပြည့်မီရန် အာဖရိကတွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ဘီလီယံ ၉၀ ခန့် လိုအပ်ကြောင်း ကော်မရှင်နာက သုံးသပ်တင်ပြသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံသို့ ဇွန်လတွင် နိုင်ငံခြားခရီးသွား ၃ ဒသမ ၁၄ သန်း စံချိန်တင်ဝင်ရောက်



**တိုကျို ဇူလိုင် ၂၀**

ဂျပန်နိုင်ငံသည် ဇွန်လတွင် နိုင်ငံခြားခရီးသွား ၃၁၃၅၆၀၀ ဝင်ရောက်မှု ရှိသည့်အတွက် ယင်းအရေအတွက်မှာ တစ်လအတွင်း စံချိန်တင်ဝင်ရောက်မှု အများဆုံးဖြစ်ကြောင်း အစိုးရ အချက်အလက်များတွင် ဖော်ပြထားသည်။

အဆိုပါ အရေအတွက်သည် လေးလဆက်တိုက် သုံးသန်းကို ကျော်လွန်လာခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် အလားတူလနှင့် နှိုင်းယှဉ်လျှင် ၅၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကာ ၂၀၁၉ ခုနှစ် အလားတူလနှင့် နှိုင်းယှဉ်လျှင် ၈ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဂျပန်အမျိုးသား ခရီးသွား လုပ်ငန်းအဖွဲ့က နောက်ဆုံးထုတ်ပြန်သော အချက်အလက်အရ သိရသည်။

ပထမနှစ်ဝက်ကာလအတွင်း ပြည်တွင်းခရီးသွား အရေအတွက်မှာလည်း ၁၇ ဒသမ ၇၈ သန်းအထိ စံချိန်တင်မြင့်တက်လာပြီး ၂၀၁၉ ခုနှစ်က မှတ်တမ်းတင်ထားသော အရေအတွက်ထက် တစ်သန်းပိုများကြောင်း သိရသည်။ ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွားများ အနက် တောင်ကိုရီးယားနိုင်ငံက ခရီးသွား ၇၀၃၃၀၀ ဖြင့် အများဆုံးဖြစ်ပြီး ၂၀၁၉ ခုနှစ် ကိုဗစ်ကပ်ရောဂါမတိုင်မီ ကာလကထက် ၂၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ယင်းနောက်တွင် တရုတ်နိုင်ငံက ၆၆၀၉၀၀ ဖြင့် အများဆုံးဖြစ်ပြီး ၂၅ ဒသမ ၀ ရာခိုင်နှုန်း ရှိခဲ့ကြောင်း အချက်အလက်များအရ သိရသည်။ သောကြာနေ့က ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါက ယခုနှစ်တွင် ဂျပန်နိုင်ငံသို့ နိုင်ငံခြားခရီးသွား ၃၅ သန်း စံချိန်တင် ဝင်ရောက်နိုင် သည်ဟု ပြောကြားသည်။ **ဆင်ဟွာ**

# ငါးနှစ်တာကာလအတွင်း နေရပ်ပြန် တောင်ဆူဒန်ဒုက္ခသည် ၁ ဒသမ ၄ သန်း ကျော်ရှိ

**ဂျူဘား ဇူလိုင် ၂၀**

၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် မေ ၃၁ ရက်အထိ ငြိမ်းချမ်းရေး သဘောတူညီမှု စာချုပ်အရ နေရပ်ပြန်သွားကြသည့်တောင်ဆူဒန် ဒုက္ခသည်ပေါင်း ၁ ဒသမ ၄ သန်းကျော်ရှိသည်ဟု ကုလသမဂ္ဂဆိုင်ရာ ဒုက္ခသည်များ အေဂျင်စီက ပြောသည်။

ကင်ညာ၊ ယူဂန္ဒာ၊ ဆူဒန်၊ အီသီယိုးပီးယား၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ အပါအဝင် ဒေသတွင်းနိုင်ငံများ၌ ရောက်ရှိနေသည့် တောင်ဆူဒန် ဒုက္ခသည်ပေါင်း ၂ ဒသမ ၂ သန်း ရှိသည်ဟု ဇူလိုင် ၁၉ ရက်တွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် တောင်ဆူဒန် သက်သာချောင်ချိရေးနှင့်ပြန်လည်ထူထောင်ရေး ကော်မရှင်တို့၏ ထုတ်ပြန်ချက်အရ သိရသည်။ ယူဂန္ဒာနိုင်ငံသည် တောင်ဆူဒန်မှ ဒုက္ခသည်များကို အများဆုံး လက်ခံထားသည့် နိုင်ငံဖြစ်သည်။ ယူဂန္ဒာနိုင်ငံ၌ တောင်ဆူဒန် ဒုက္ခသည်ပေါင်း ၉၃၉၅၃၈ ဦး ရှိသည်။

ဒုက္ခသည်များ ၎င်းတို့ခိုလှုံနေထိုင်ရာ နိုင်ငံများမှ ထွက်လာခြင်းမှာ ဒုက္ခသည်စခန်းများတွင် အစားအသောက်ရရှိမှု လျော့နည်းလာခြင်း၊ စီးပွားရေးဆိုင်ရာ အခက်အခဲများ၊ အလုပ်အကိုင် အခွင့်အလမ်း ပြတ်လပ်မှုနှင့် လုံခြုံစိတ်ချရမှု မရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု ဖော်ပြထားသည်။ မေလအတွင်း တောင်ဆူဒန်သို့ ပြန်လာကြသည့် ဒုက္ခသည်ပေါင်း ၄၁၆၀၀ ရှိပြီး ဧပြီလနှင့်နှိုင်းယှဉ်လျှင် အနည်းငယ် တိုးလာခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဒုက္ခသည်များ ခိုလှုံနေထိုင်ရာ အချို့နိုင်ငံများ အထူးသဖြင့် ဆူဒန်နိုင်ငံတွင် စားနပ်ရိက္ခာနည်းပါးလာခြင်း၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အခွင့်အလမ်း နည်းပါးလာခြင်းတို့ကြောင့် တောင်ဆူဒန်သို့ ဒုက္ခသည်များ ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**



နေရပ်ပြန် တောင်ဆူဒန်ဒုက္ခသည်များကို ၂၀၂၃ ခုနှစ် ဧပြီ ၃၀ ရက် က တွေ့ရစဉ်။

# နည်းပညာဆိုင်ရာ ပြဿနာကြောင့် ထိခိုက်ခဲ့သည့် လေဆိပ်များ ပုံမှန်ပြန်လည်လည်ပတ်

**နယူးဒေလီ ဇူလိုင် ၂၀**

ကမ္ဘာလုံးဆိုင်ရာ အိုင်တီနည်းပညာပြဿနာကြောင့် ကွန်ပျူတာစနစ်များထိခိုက်ပြီး စီးပွားရေးလုပ်ငန်းများ၊ ဘဏ်များ၊ ဆေးရုံများ၊ မီဒီယာစင်တာများနှင့် ကမ္ဘာတစ်ဝန်းရှိ လေကြောင်းလိုင်းများကို ထိခိုက်မှုဖြစ်ပေါ်ခဲ့ပြီးနောက် တစ်ရက်အကြာ ဇူလိုင် ၂၀ ရက်တွင် အိန္ဒိယနိုင်ငံရှိ လေဆိပ်များ၌ လေကြောင်းလိုင်းစနစ်များ ပုံမှန်အတိုင်း လည်ပတ်နိုင်ပြီဖြစ်ကြောင်း အိန္ဒိယလေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယနေ့ နံနက် ၃နာရီမှစတင်၍ လေကြောင်းလိုင်းစနစ်များ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နေပြီး ပျံသန်းရေးလုပ်ငန်းများ ချောမွေ့စွာ လုပ်ဆောင်နေပြီ ဖြစ်ကြောင်း အိန္ဒိယလေကြောင်းပို့ဆောင်ရေး ဝန်ကြီး ရမ်မိုဟန်နိုင်ဒူက ပြောကြားသည်။ ဒေလီနှင့် မွမ်ဘိုင်းမြို့ အပါအဝင် နိုင်ငံတစ်ဝန်းရှိ လေဆိပ်များတွင် လေယာဉ်လက်မှတ်များ ထုတ်ပေးခြင်း၊ ဖျက်သိမ်းခြင်းနှင့် လေယာဉ်ခရီးစဉ်များ ပြန်လည်စီစဉ်ရခြင်းတို့ကြောင့် ဇူလိုင် ၁၉ ရက်က လေဆိပ်အများအပြားရှိ ကောင်တာများနှင့် နားနေခန်းများတွင် ခရီးသည်အများအပြား အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ရသည်။

အိန္ဒိယတွင် ပြည်တွင်းခရီးသည် သွားလာမှုအများဆုံးရှိသော ပုဂ္ဂလိက လေကြောင်းလိုင်းဖြစ်သည့် အင်ဒီဂိုး၏ လေကြောင်းခရီးစဉ် ၂၈၇ ခုကို ဖျက်သိမ်းခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။ ဝန်ကြီးဌာနအနေဖြင့် လေဆိပ်များ၏ လည်ပတ်ဆောင်ရွက်မှုများကို အဆက်မပြတ်စောင့်ကြည့်နေပြီး ခရီးစဉ်ပြန်လည်အစားထိုးပြင်ဆင်ပေးမှုနှင့် ပြန်အမ်းငွေထုတ်ပေးမှုကို အလေးထားလုပ်ဆောင်ပေးနေကြောင်း ထုတ်ပြန်သည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ အဆောက်အအုံပြိုကျ

**နယူးဒေလီ ဇူလိုင် ၂၀**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ဇူလိုင် ၂၀ ရက်က အဆောက်အအုံအစိတ်အပိုင်းတစ်ခု ပြိုကျမှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ အပျက်အစီးများအောက်တွင် လူအချို့ ပိတ်မိနေမည်ကိုစိုးရိမ်ကြောင်း အာဏာပိုင်များက ပြောသည်။ မွမ်ဘိုင်းမြို့ ဂရန်းရုတ်ဒ်ဘူတာရုံအနီး လေးထပ်အဆောက်အအုံ၏ ရှေ့မျက်နှာစာပိုင်းပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူနာတင်ကားများ ရောက်ရှိလာကြသည်။ ကွန်ကရစ်တုံးအောက်တွင် အမျိုးသားတစ်ဦးခြေထောက်ညှပ်နေပြီး ၎င်းကို ကယ်ထုတ်ရန် ဒေသခံများ ဝိုင်းဝန်းကြိုးပမ်းနေကြောင်း ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် ဗီဒီယိုဖိုင်တွင် တွေ့ရှိရသည်။

အဆိုပါ အဆောက်အအုံမှာ အန္တရာယ်ရှိသည့်အတွက် အဆောက်အအုံအတွင်း နေထိုင်ကြသူများ ရွှေ့ပြောင်းကြရန် သတိပေးစာထုတ်ထားကြောင်း မွမ်ဘိုင်းမြို့ မြူနီစီပယ်ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများက ပြောသည်။ အရည်အသွေးညံ့ဖျင်းသောပစ္စည်းများကို အသုံးပြုခြင်း၊ ဘေးကင်းလုံခြုံရေးစံနှုန်းများ ညံ့ဖျင်းခြင်း၊ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်ခြင်းတို့ကြောင့် မကြာခဏ ဘေးအန္တရာယ်များဖြစ်ပွားရသည်ဟု ဆောက်လုပ်ရေးကျွမ်းကျင်သူများက အပြစ်တင်ကြသည်။ **ဆင်ဟွာ**

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၆)ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် (၁၅၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၆)ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် (၁၅၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း မြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီလိုဏ်တော် အတွင်း၌ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်း၊ ဦးမင်းဦးနှင့် ဦးဟန်သူ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် ကျော်စိုးမိုး၊ ဥပ္ပါတသန္တိစေတီ တော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက စေတီတော် ကြီး လိုဏ်တော်အတွင်းရှိ ဗုဒ္ဓ ပဋိမာ ရုပ်ပွားဆင်းတုတော်များ နှင့် စေတီတော်အရှေ့မြောက် ထောင့်ရှိ မဟာဆုတောင်းပြည့် ဘုရားကြီးအား ဝါဆိုရွှေကြာ သင်္ကန်းကပ်လှူပူဇော်ပြီး **(အပေါ်ပုံ)** ရုပ်ပွားတော်များအား မြသပိတ် တော်ဖြင့် ဆွမ်း၊ သစ်သီး၊ ပန်းမန် နှင့် သောက်တော်ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်၊ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်း တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဇာနေယျထံမှ နေပြည်တော် ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဒုတိယ မြို့တော်ဝန်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းဦးစီးချုပ်၊ ဥပ္ပါတ သန္တိ စေတီတော်မြတ်ကြီးဂေါပက အဖွဲ့နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည် ကြကာ ဆရာတော်သံဃာတော် များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့် တော်မူသည့် ပရိတ်တရားတော် များကို နာယူကြပြီးဆရာတော်၊ သံဃာတော်များအား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော် ပျဉ်းမနားမြို့နယ် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် စာချ နာယကဆရာတော် မဟာဂန္ထ ဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ မဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိသာရထံမှ ဧည့်ပရိသတ် များက အနုမောဒနာတရား နာယူ ကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေ ကြသည်။

အခမ်းအနား အပြီးတွင် နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ် နှင့်တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား နေဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

---

❖ *ကျောဖုံးမှ*

**သတိပေးနိုးဆော်ချက်**

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့နံနက်မှ နောက် ၂၄ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့် အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီး ခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါ သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင် ပါရန် အသိပေးနိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



**ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်း ဇူလိုင် ၂၀ ရက် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။** သန်းဝင်း(သန်လျင်)

---

## မြန်မာစာ မြန်မာစကား

### ဝါကျဖွဲ့စည်းပုံ မညီညွတ်ခြင်း

ဝါကျများကိုဖွဲ့စည်းသောအခါ ပုဒ်အထားအသိုမှန်ကန် ခြင်းသည် အရေးကြီးသကဲ့သို့ ဖွဲ့စည်းပုံညီညွတ်ခြင်းသည်လည်း အရေးကြီးသည်။ သို့မှသာ ဆိုလိုသောအဓိပ္ပာယ်ကို တိတိ ကျကျ ရှင်းရှင်းလင်းလင်းဖော်ပြနိုင်မည်။ ဖွဲ့စည်းပုံညီညွတ်ခြင်း ဆိုသည်မှာ ဝါကျ၏ **အစ အလယ် အဆုံး** တို့သည် အချင်းချင်း ညီညွတ်သည့် သဘောဖြစ်သည်။ **ရှေ့နောက် အဖွင့်အပိတ်** ညီညွတ်ခြင်း သဘောလည်း ပါဝင်သည်။ ဖွဲ့စည်းပုံမညီညွတ် လျှင် ဆိုလိုရင်းကို **ရှင်းခနဲ ထင်းခနဲ ပေါ်လွင်အောင်** မဖော်ပြနိုင် တော့ဘဲ အနက် ရှုပ်ထွေးသွားတတ်သည်။




၁။ **မခံချင်စိတ်ဖြစ်ပေါ်တတ်သော အကြောင်းများမှာ** ချိန်းဆို ထားသောနေရာသို့ နောက်ကျမှ ရောက်သွားခြင်း၊ အလုပ်မှအပြန်နောက်ကျခြင်း၊ ဝယ်ခိုင်းထားသော ပစ္စည်း များ မဝယ်ခြင်း၊ မှာထားသောကိစ္စ မေ့လျော့ခြင်းတို့ **တွင်မခံချင်စိတ်ဖြစ်ပေါ်ပြီး** ငိုတတ်ကြသည်။

✖ ✔

ဖြစ်ပေါ်တတ်သော ➩ ဖြစ်ပေါ်ပြီးငိုတတ်သော

တွင်မခံချင်စိတ်ဖြစ်ပေါ်ပြီးငိုတတ်ကြသည် ➩ ဖြစ်သည်။

မခံချင်စိတ် **ဖြစ်ပေါ်ပြီးငိုတတ်သော** အကြောင်းများမှာ ချိန်းဆိုထားသော နေရာသို့ နောက်ကျမှ ရောက်သွားခြင်း၊ အလုပ်မှ အပြန်နောက်ကျခြင်း၊ ဝယ်ခိုင်းထားသော ပစ္စည်း များမဝယ်ခြင်း၊ မှာထားသောကိစ္စမေ့လျော့ခြင်းတို့ ဖြစ် သည်။



၂။ ထို့ကြောင့် ထန်းတက်လုပ်ငန်းပေါများသော အထက် အညာဒေသ မြေလတ်ပိုင်းရှိ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဝန်ထမ်းများသည် **ခါးရိုးကျိုးခြင်းနှင့် ပေါင်ရိုးကျိုးခြင်း** လူနာများကုသပြုစုခြင်းလုပ်ငန်းများ ကို ကျွမ်းကျင်စွာ တတ်မြောက်ထားရန် လိုအပ်လှပါသည်။

✖ ✔

ခါးရိုးကျိုးခြင်းနှင့်ပေါင်ရိုးကျိုးခြင်း ➩ ခါးရိုးကျိုးသော လူနာများနှင့် ပေါင်ရိုးကျိုးသော

ထို့ကြောင့် ထန်းတက်လုပ်ငန်းပေါများသော အထက် အညာဒေသမြေလတ်ပိုင်းရှိ ပြည်သူ့ဆေးရုံများမှ ကျန်းမာ ရေးဝန်ထမ်းများသည် **ခါးရိုးကျိုးသောလူနာများနှင့် ပေါင်ရိုး ကျိုးသော** လူနာများ ကုသပြုစုခြင်းလုပ်ငန်းများကို ကျွမ်းကျင်စွာတတ်မြောက်ထားရန် လိုအပ်လှပါသည်။

၃။ ဘသည် **မြင်းကပါဘက်မှ မနက်စောစော ပြန်အလာ** တန်းလျားထက်မှာ ထိုင်ချလိုက်သည်။

✖ ✔

ပြန်အလာ ➩ ပြန်ရောက်သည်နှင့်

ဘသည် မြင်းကပါဘက်မှ မနက်စောစော ပြန်ရောက်သည် နှင့် တန်းလျားထက်မှာ ထိုင်ချလိုက်သည်။



မြန်မာစာ မြန်မာစကားစာအုပ်မှကောက်နုတ်ဖော်ပြပါသည်။

# နိုင်ငံ့အင်အား ကျေးလက်လမ်းတံတား

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်ပါက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်ကို တွေ့ရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် လမ်းနှင့်တံတားသည် နိုင်ငံတစ်နိုင်ငံ၏ အင်အားလည်းဖြစ်ပါသည်။

■ စိုးထွန်းနိုင် (ပန်းတနော်)



ဇေယျာသီရိမြို့နယ် သာယာကုန်း – ညောင်ပင်သာ တံတားချဉ်းကပ်လမ်း ဆောင်ရွက်ခြင်း။



ပေါင်မြို့နယ် ဇင်းကျိုက် – တပ်မှူးချောင် – ဘိုင်လောင်းလမ်း ကတ္တရာခင်းခြင်း။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်နိုင်သည့် နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်သကဲ့သို့ နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် မြို့ရွာဒေသသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် မြို့ရွာဒေသများထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည်ကို တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ အင်အားဖြစ်သည့် လမ်းနှင့်တံတားများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျေးလက်နေလူဦးရေသည် ၇၀ ရာခိုင်နှုန်းခန့်ရှိသည်ဖြစ်ရာ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုသည် အရေးကြီးသည့် လုပ်ငန်းတစ်ခုပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ တည်ဆောက်ခြင်းသည် အဓိကလုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။

"မိမိတို့နိုင်ငံတစ်ဝန်းတွင် အေးအတူပူအမျှလက်တွဲပြီး မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာရေးအတွက် ပထဝီအနေအထားအရ သဘာဝအတားအဆီးဖြစ်သည့် နေရာများတွင် တံတားများတည်ဆောက်ပေးခြင်း၊ လမ်းများကို ရာသီမရွေးသွားလာနိုင်အောင် ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများကို နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် မြို့ပြဒေသများသာမက ဝေးလံခေါင်ပါးသည့် နယ်စပ်ဒေသများပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းများ အဆင့်မြှင့်တင်ပေးခြင်း၊ လမ်းကွန်ရက်များ တိုးချဲ့ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်–၃) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

> **"မိမိတို့နိုင်ငံတစ်ဝန်းတွင် အေးအတူပူအမျှလက်တွဲပြီး မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာရေးအတွက် ပထဝီအနေအထားအရ သဘာဝအတားအဆီးဖြစ်သည့်နေရာများတွင် တံတားများတည်ဆောက်ပေးခြင်း၊ လမ်းများကို ရာသီမရွေးသွားလာနိုင်အောင် ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများကို နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် မြို့ပြဒေသများသာမက ဝေးလံခေါင်ပါးသည့် နယ်စပ်ဒေသများပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းများအဆင့်မြှင့်တင်ပေးခြင်း၊ လမ်းကွန်ရက်များ တိုးချဲ့ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ"**

## မဟာဗျူဟာ ချမှတ်ဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ရာသီမရွေးသွားလာနိုင်အောင် အဆင့်မြှင့်တင်ခြင်း၊ လမ်းကွန်ရက်များ တိုးချဲ့ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအတွက် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများအသုံးပြုနိုင်ရေး မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ ကျေးရွာများ၏ ငါးပုံတစ်ပုံခန့်သည် လမ်းများနှင့် ဆက်သွယ်ထားခြင်းမရှိပါ။ လမ်းများဖြင့် ဆက်သွယ်ထားသော ကျေးရွာထက်ဝက်ကျော်မှာလည်း မိုးရာသီတွင် ဖြတ်သန်းသွားလာရန်မဖြစ်နိုင်သော နွေရာသီသုံး ကျေးလက်လမ်းများဖြင့် ချိတ်ဆက်ထားခြင်းဖြစ်သည်။ ထိုသို့ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသအများစုတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် လိုအပ်လျက်ရှိသည်ဖြစ်ရာ အဆိုပါလိုအပ်ချက်များကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ကဏ္ဍဖြစ်သော ကျေးလက်လမ်း၊ တံတားများကို ရေရှည်တည်တံ့ခိုင်မြဲရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကျေးရွာ ၅၇၂၂၈ ရွာ၌ လူဦးရေ ၁၀၀၀ နှင့်အထက် ကျေးရွာများအားလုံးကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း၊ လူဦးရေ ၅၀၀ နှင့်အထက်ရှိ ကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်တွင်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူဦးရေ ၂၅၀ နှင့်အထက်ရှိ ကျေးရွာများအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာ ၅၀ ရာခိုင်နှုန်းကို ၂၀၃၀ ပြည့်နှစ်တွင်လည်းကောင်း ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းဆောင်ရွက်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ လူဦးရေ မည်သို့ပင်ရှိစေကာမူ တူညီသည့်အခွင့်အရေးရရှိရန် လူဦးရေနည်းသည့် ပြည်နယ်များကိုလည်း ခြွင်းချက်အနေဖြင့် သီးခြားစဉ်းစားပေးရန် မဟာဗျူဟာရည်မှန်းချက်အဖြစ်ထားရှိ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

## အသစ်ဖောက်လုပ်

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးလက်အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးကဏ္ဍဖြစ်သော ကျေးလက်လမ်း၊ တံတားများကို ရေရှည်တည်တံ့ခိုင်မြဲရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင်

*စာမျက်နှာ ၁၇ သို့*



မင်းတုန်းမြို့နယ် ကြို့ကုန်း – ကံလည်ကြားရှိ ကြို့ကုန်းကွန်ကရစ်တံတား။

*စာမျက်နှာ ၁၆ မှ*

တိုင်းဒေသကြီး/ ပြည်နယ် ၁၇ ခုတွင် ကွန်ကရစ်လမ်း (၂၆/၄ ဒသမ ၀၃)မိုင်၊ ကတ္တရာလမ်း (၂၈/၄ ဒသမ ၉၂)မိုင်၊ ကတ္တရာထပ်ပိုးလွှာ (၃/၀ ဒသမ ၄၄)မိုင်၊ ကျောက်လမ်း(၅၅/၀ ဒသမ ၆၆) မိုင်၊ အမာခံလမ်း(၄၀/၇)မိုင်၊ မြေနှင့်မြေချဲ့ (၃၄/၁ ဒသမ ၄၃) မိုင်၊ အခြားလုပ်ငန်း (၁/၆ ဒသမ ၃၈) မိုင်၊ စုစုပေါင်းလမ်းမိုင် (၁၉၀/၀ ဒသမ ၈၆) မိုင်၊ ကွန်ကရစ် တံတား ၆၉ စင်း၊ Box Culvert ၆၉ စင်း၊ ရေကျော် ခြောက်စင်း၊ အခြားလုပ်ငန်း ၂၅ ခု၊ တံတားလုပ်ငန်း စုစုပေါင်း ၁၆၉ စင်းတို့အား အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများကို ဘဏ္ဍာ ငွေကျပ် ၄၉၆၁၆ ဒသမ ၁၁၄ သန်း ဖြင့် အကောင် အထည်ဖော်ဆောင်ရွက်ပေး နိုင်ခဲ့ပါသည်။

### အဆင့်မြှင့်တင်

ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာကွန်ကရစ်လမ်း (၀/၄ ဒသမ ၅) မိုင်၊ ကွန်ကရစ်လမ်း (၁၆၇/၃ ဒသမ ၇၃) မိုင်၊ ကတ္တရာလမ်း (၇၅/၆ ဒသမ ၉၆) မိုင်၊ ကတ္တရာထပ်ပိုး (၂၆/၁ ဒသမ ၁၂) မိုင်၊ ကျောက်လမ်း (၂၁၅/၅ ဒသမ ၂၇) မိုင်၊ အမာခံလမ်း (၁၈၅/၁ ဒသမ ၉၃) မိုင်၊ မြေနှင့် မြေချဲ့(၂၄၇/၆ ဒသမ ၄၂)မိုင်၊ အခြားလုပ်ငန်း (၁၂/၀ ဒသမ ၁၅) မိုင် စုစုပေါင်းလမ်းမိုင် (၉၃၀/ ၆ ဒသမ ၀၈) မိုင်နှင့် ကွန်ကရစ်တံတား ၁၈၈ စင်း၊ သစ်သားတံတား လေးစင်း၊ ကြိုးတံတား/ဘေလီ တံတားသုံးစင်း၊ Box/ Pipe Culvert အစင်း ၇၉၀၊ ရေကျော် ၁၆ စင်း၊ အခြားလုပ်ငန်း ၇၁ ခု၊ တံတားလုပ်ငန်း စုစုပေါင်း ၁၀၇၂ စင်းတို့ကို အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများအား ဘဏ္ဍာငွေကျပ် ၂၁၀၇၄၀ ဒသမ ၇၈၃ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

### ပြင်ဆင်ထိန်းသိမ်း

ထို့အတူ ကျေးလက်လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လမ်းပြင်ဆင်ထိန်းသိမ်းခြင်း (၂၁၈/၃ ဒသမ ၁၅၄) မိုင်၊ တံတားပြင်ဆင်ထိန်းသိမ်းခြင်း ၂၂၅ စင်းနှင့် အဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများ ပြင်ဆင်ထိန်းသိမ်းခြင်း ၂၉ ခုတို့ အတွက် ငွေကျပ် ၉၆၅၉ ဒသမ ၈၅၃ သန်းအသုံးပြု၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**✻ လမ်းတံတားများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့သည့် လမ်းတံတားများဖြစ်မှသာ နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုနည်းပါးမည်ဖြစ်ရာ တည်ဆောက်မည့် လမ်းတံတားများသည် ဒေသနှင့် ကိုက်ညီသော ဒီဇိုင်းများရရှိစေရန်အတွက် ကျေးလက်လမ်း တံတားလုပ်ငန်းများ၏ လမ်းလွှာဒီဇိုင်း၊ Geometric Design၊ ကွန်ကရစ်တံတား၊ သံပေါင်တံတား၊ ဘေလီတံတား၊ ကြိုးတံတား၊ ရေပြွန်၊ ရေကျော်၊ ရေနိမ့်တံတားနှင့် မြေထိန်းနံရံ စသည့်ဒီဇိုင်းများအား အချိန်မီရေးဆွဲဆောင်ရွက်ပေးလျက်ရှိ**

### ဒီဇိုင်းများရေးဆွဲ

လမ်းတံတားများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့သည့် လမ်းတံတားများဖြစ်မှသာ နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုနည်းပါးမည်ဖြစ်ရာ တည်ဆောက်မည့် လမ်းတံတားများသည် ဒေသနှင့်ကိုက်ညီသော ဒီဇိုင်းများရရှိစေရန်အတွက် ကျေးလက်လမ်း တံတားလုပ်ငန်းများ၏ လမ်းလွှာဒီဇိုင်း၊ Geometric Design၊ ကွန်ကရစ်တံတား၊ သံပေါင်တံတား၊ ဘေလီတံတား၊ ကြိုးတံတား၊ ရေပြွန်၊ ရေကျော်၊ ရေနိမ့်တံတားနှင့် မြေထိန်းနံရံ စသည့် ဒီဇိုင်းများအား အချိန်မီရေးဆွဲဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လမ်း ၃၃၆ လမ်း၊ အရှည် ၄၁၁ ဒသမ ၁၃၇၅ ကီလိုမီတာအတွက် Pavement Design များ ဆောင်ရွက်ခြင်း၊ လမ်းခုနစ်လမ်း၊ အရှည် ၂ ဒသမ ၃၉၂၂ ကီလိုမီတာ အတွက် Geometric Design များ ဆောင်ရွက်ခြင်း၊ တံတား ၁၀၅ စင်း စုစုပေါင်းအရှည် ၁၁၅၀၈ ပေ အတွက် Bridge Design များ ဆောင်ရွက်ခြင်း၊ စုစုပေါင်းတံတား ၁၇ စင်း၊ တံတားအရှည်စုစုပေါင်း ၁၈၄၅ ပေအတွက် SIT Result အပေါ် Analysis and Design ဆောင်ရွက်ခြင်း၊ လုပ်ငန်း ၁၅ ခု၊ အရှည်စုစုပေါင်း ၄၁၁၃ ပေနှင့် မြို့နယ်ရုံးအဆောက်အအုံနှစ်ခုအတွက် Analysis and Design ဆောင်ရွက်ခြင်း၊ စုစုပေါင်းလုပ်ငန်းခြောက်ခု၊ စုစုပေါင်းအရှည်ပေ ၂၆၄၉ ပေ သဘာဝဘေးနှင့် ထူးခြားဖြစ်စဉ်အတွက် ဒီဇိုင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

### အရည်အသွေးစစ်ဆေး

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သည့် လုပ်ငန်း ၁၁၃၈ ခုတို့အား လုပ်ငန်းအရည်အသွေးပြည့်မီစွာနှင့် အချိန်မီပြီးစီးစေရန်အတွက် အရည်အသွေး စစ်ဆေးထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

### အရည်အသွေးစစ်ဆေး

ကျေးလက်လမ်း၊ တံတားများ သုတေသန ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအဖြစ် တံတားလုပ်ငန်းများ၏ ကွင်းမြေနမူနာထုတ်ယူခြင်း (Soil Drilling Work)၊ မြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း၊ Soil Report များထုတ်ပြန်ခြင်း၊ Test Pile များအတွက် မြေသားဂုဏ်သတ္တိ စမ်းသပ်ခြင်းလုပ်ငန်းများ၊ တံတားလုပ်ငန်း(Bored Pile)များ၏ SIT(Sonic Integrity Testing) များ စမ်းသပ်ခြင်း၊ SIT Result များ ထုတ်ပြန်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

### မိုခါဆိုင်ကလုန်းမုန်တိုင်း

ထို့ပြင် မိုခါ (MOCHA) ဆိုင်ကလုန်းမုန်တိုင်း ဒဏ်ကြောင့် တိုင်းဒေသကြီး/ ပြည်နယ်ခုနစ်ခုရှိ ပျက်စီးခဲ့သည့် လမ်း၊ တံတား၊ အဆောက်အအုံ လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ ချင်းပြည်နယ်တွင် လမ်းတစ်လမ်း၊ မကွေးတိုင်းဒေသကြီးတွင် လမ်းရှစ်လမ်းနှင့် တံတား ၁၆ စင်း၊ မန္တလေးတိုင်းဒေသကြီးတွင် လမ်းခုနစ်လမ်းနှင့် တံတားသုံးစင်း၊ ရခိုင်ပြည်နယ်တွင် လမ်းခုနစ်လမ်းနှင့် တံတား ၁၅ စင်း၊ အဆောက်အအုံ သုံးခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် တံတားနှစ်စင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် လမ်းတစ်လမ်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးရှိ လမ်းတစ်လမ်းကို ဒေသခံပြည်သူများ၏ အစီအစဉ်ဖြင့် ပြန်လည် ဆောင်ရွက်ပြီးဖြစ်ပါသည်။

### အဓိကချိတ်ဆက်သည့် လမ်းကွန်ရက်စနစ်

အမျိုးသားအဆင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာရည်မှန်းချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကချိတ်ဆက်သည့် လမ်းကွန်ရက်စနစ် (Core Rural Road Network – CRRN) များကိုလည်း ရွေးချယ်ဆောင်ရွက်လျက်ရှိပါသည်။

### လူမှုစီးပွားဘဝများ ပိုမိုမြင့်မားကောင်းမွန်လာ

မြန်မာနိုင်ငံရှိ မြို့ပြနှင့်ကျေးလက်ဒေသများ၌ နေထိုင်ကြသည့် လူဦးရေအချိုးအရ ကျေးလက်ဒေသများတွင် နေထိုင်ကြသူများက ပိုမိုများပြားသည့်အတွက် ကျေးလက်ဒေသတွင်နေထိုင်ကြသည့် ပြည်သူလူထုအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျန်းမာရေးနှင့် ပညာရေးအဆင့်မြှင့်တင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်စေရေးတို့အတွက် အခြေခံကျသော အခြေခံအဆောက်အအုံသည် လမ်းတံတားများပင်ဖြစ်သည်။

ကျေးလက်ဒေသများတွင် လမ်းတံတားများ ကောင်းမွန်သည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ရာ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းများ ဖွံ့ဖြိုးရေး မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ မဟာဗျူဟာများ ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

**ကျေး**လက်ပြည်သူ ရိုင်းပင်းကူ
**လက်**တွဲငြိမ်းချမ်း ဒို့ကြိုးပမ်း
**လမ်း**များဖောက်လုပ် ဒို့အလုပ်
**ဖွံ့ဖြိုးရေး**ဆောင်ရွက် ပြည်သူ့အတွက်ဟူသည့်

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ရည်မှန်းချက်ဆောင်ပုဒ်နှင့်အညီ နိုင်ငံ၏အင်အား လမ်းနှင့်တံတားအထူးသဖြင့် ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မကြာတော့သည့် ကာလအတွင်း မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအတွက် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ ဖြစ်ထွန်းပေါ်ပေါက်ကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုမြင့်မားကောင်းမွန်လာမည်ဟု ယုံကြည်မိပါသည်။ ။


ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်အုပ်စု၊ သာဂလ-သန့်ဇင်လှ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း။


ဘားအံမြို့နယ် ရေကျော်-လှိုင်းပုံ-လှာကမြင်လမ်း ကတ္တရာကွန်ကရစ်ခင်းခြင်း။

## တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**တောင်ဥက္ကလာပ ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရန် ယနေ့နံနက် ၇ နာရီက အမှတ်(၇)ရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခြင်ပေါက်ပွားမှု များပြားနိုင်သည့်အတွက် ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါများ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး ရေတင်ကျန်နိုင်သော ကားတာယာဟောင်းများ၊ ဘူးခွက်များ၊ ရေပုံး၊ ရေအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ပြီး ရေတိုင်ကီနှင့် ကျောက်စည်ပိုင်း၊ ရေအုတ်ကန်များကို အဘိတ်(abate) ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ရေနုတ်မြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှကြီးကြပ်၍ ဌာနဆိုင်ရာဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**



# စဉ့်ကူးမြို့အတွင်း ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများအား တိုက်ခိုက်ချေမှုန်း၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၀

**PDF အမည်ခံအကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ် ဇူလိုင်လ လဆန်းပိုင်းမှစ၍ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းသို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်၍ စဉ့်ကူးမြို့ဝန်းကျင်ရှိ လုံခြုံရေးတပ်စခန်းများကို တိုက်ခိုက်ခြင်း၊ မြို့အတွင်းသို့ဝင်ရောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့စခန်းနှင့် လုံခြုံရေးဆောင်ရွက်နေသောနေရာများကို တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့သည်။**

ထို့နောက် PDF အမည်ခံ အကြမ်းဖက်သမားများသည် မြို့နှင့် အနီးပတ်ဝန်းကျင်တွင် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူနေအိမ်များနှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ဌာနဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း၊ နေရပ်စွန့်ခွာသူ ဒေသခံများ၏ နေအိမ်များသို့ ဖောက်ထွင်းဝင်ရောက်၍ ပစ္စည်းများယူဆောင်ခြင်း၊ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက် အဖျက်အမှောင့် လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် စဉ့်ကူးမြို့မှ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများသည် နေရပ်စွန့်ခွာ တိမ်းရှောင်နေကြရပြီး ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကို လက်မခံနိုင်သော စဉ့်ကူးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက ၎င်းတို့၏ ရပ်ရွာလုံခြုံရေးအတွက် မြို့၊ ရွာ ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ပြီး တပ်မတော်အနေဖြင့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter– Terrorism Operation) ဆောင်ရွက်ရန်အတွက် လိုအပ်သည့် မြို့၊ ရွာ ကာကွယ်ရေးအဖွဲ့များအပါအဝင် ပြင်ဆင်လေ့ကျင့်ခြင်းနှင့် လိုအပ်သည့် စုဖွဲ့မှုများကို ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ စုဖွဲ့ပြင်ဆင်ပြီးနောက် တပ်မတော်စစ်ကြောင်းများသည် စဉ့်ကူးမြို့အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ PDF အမည်ခံ အကြမ်းဖက်သမားများအား အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter– Terrorism Operation) ဆောင်ရွက်ရန်အတွက် ဇူလိုင် ၁၉ ရက်တွင် စဉ့်ကူးနယ်မြေအတွင်းသို့ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့မှ စနစ်တကျ အဆင့်ဆင့်ခြေကုပ်ယူ၍ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ရယူချီတက်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး စဉ့်ကူးမြို့အား ယနေ့တွင် တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် စဉ့်ကူးမြို့အတွင်းသို့ ရောက်ရှိနေစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ လူနေအိမ်များအား အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူ သွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–ROE) နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ စနစ်တကျစုဖွဲ့၍ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ရယူချီတက်တိုက်ခိုက် ချေမှုန်းခဲ့မှုများကြောင့် အကြမ်းဖက်သမားများသည် လူနေအိမ်များနှင့် ဌာနဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စဉ့်ကူးမြို့နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား လိုအပ်သည့် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PDF အမည်ခံအကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် စဉ့်ကူးမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် ဖြစ်စဉ်ပြပုံ။









PDF အမည်ခံအကြမ်းဖက်သမားများက စဉ့်ကူးမြို့အတွင်းရှိ လူနေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အဦများအတွင်း မီးရှို့ဖျက်ဆီးထားမှုအား တွေ့မြင်ရစဉ်။




စဉ့်ကူးမြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ထိန်းချုပ်ထားနိုင်မှုအား တွေ့မြင်ရစဉ်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကိုမျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# သဘာဝနဲ့ ထိတွေ့အနားယူလို့ရမယ့် လှည်းကူးမြို့နယ်ထဲက စိုက်ပျိုးရေးအခြေခံခရီးစဉ်

■ ယဉ်လာဒ်

**ရန်ကုန်မြို့နဲ့ မဝေးတဲ့နေရာမှာ တည်ရှိနေပြီး သဘာဝနဲ့ထိတွေ့ရင်း သီးသန့်ဆန်ဆန် အနားယူလည်ပတ်လို့ရတဲ့ ခရီးစဉ်တစ်ခုအဖြစ် လှည်းကူးမြို့နယ်က စိုက်ပျိုးရေး လုပ်ငန်းအခြေခံ ခရီးသွားနေရာ (Agri Farm Site) တစ်ခုဖြစ်တဲ့ Cozy Farm အကြောင်းကို ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြပေးချင်ပါတယ်။**



Cozy Farm ခြံအတွင်းသို့ အဖွဲ့လိုက် လာရောက်လည်ပတ်ကြသူများ။

ရန်ကုန်ကနေ လာမယ်ဆိုရင် လှည်းကူးတာဆုံမီးပွိုင့်မှာဆင်းပြီး Cozy Farm ကို သွားရောက်လည်ပတ်လို့ ရပါတယ်။ လာရောက်လည်ပတ်သူတွေ အနေနဲ့ Cozy Farm မှာ လယ်ကွင်း အတွင်း လှေစီးခြင်း၊ စက်ဘီးစီးခြင်း၊ ငါးမျှားခြင်း၊ ပန်းချီဆွဲခြင်း စတာတွေကို ပြုလုပ်နိုင်ပါတယ်။ လှေစီးတဲ့အခါ အန္တရာယ်ကင်းအောင် အသက်ကယ် အင်္ကျီတွေလည်း ထားရှိပေးထားပါတယ်။ အဆောက်အအုံအတွင်း အေးအေး ဆေးဆေး စာဖတ်ချင်သူတွေအတွက် စာကြည့်ခန်းလေးကိုလည်း ထားရှိပေး ထားပါတယ်။

**အခမ်းအနားများလည်း ကျင်းပနိုင်**

Cozy Farm မှာ ခရီးသွား လည်ပတ်ခြင်းအပြင် မွေးနေ့ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ စတဲ့ အခမ်းအနားတွေလည်း ကျင်းပလို့ ရပါတယ်။ အခမ်းအနားအတွက် လိုအပ်တဲ့ အဲကွန်း၊ ဝိုင်ဖိုင်၊ ပရိုဂျက်တာ၊ မိုက်နဲ့ စပီကာ စတဲ့ပစ္စည်းတွေ အဆင်သင့် ထားရှိပေးထားပါတယ်။ Cozy Farm ကို လာရောက်လည်ပတ်လိုသူတွေကို Booking စနစ်နဲ့သာ လက်ခံပေးတာ ဖြစ်ပြီး Booking မလုပ်ထားရင် လက်မခံ ဘူးလို့ ဆိုပါတယ်။

**သဘာဝနဲ့ ထိတွေ့ပြီး အနားယူလို့ရတဲ့ နေရာ**

Cozy Farm ဟာ လွတ်လွတ်လပ်လပ် သဘာဝနဲ့ ထိတွေ့ပြီး စိမ်းစိုနေတဲ့ မိုးရာသီမြင်ကွင်းလေးနဲ့အတူ အေးချမ်း စွာ အနားယူလို့ရတဲ့ နေရာတစ်ခုဖြစ်ပါ တယ်။ Organic Farm မှ အသီးအရွက် တွေ ခူးပြီး ကိုယ်တိုင်ချက်စားနိုင်စေဖို့ မီးဖိုခန်းနဲ့ မီးဖိုချောင်သုံးပစ္စည်းလေးတွေ ကိုလည်း အသုံးပြုခွင့် ပေးထားပါသေး တယ်။

လာရောက်လည်ပတ်သူတွေအတွက် လုံးချင်းအဆောင် Package နဲ့ ရွက်ဖျင် တဲ Package ဆိုပြီး နှစ်မျိုးရှိပါတယ်။ နေ့ချင်းပြန်ဈေးနှုန်းတွေက လူဦးရေ လေးဦးအထိဆိုရင် တစ်ဦးကို ငွေကျပ် လေးသောင်းနှုန်းဖြစ်ပြီး လေးဦးအထက် ဆိုရင် တစ်ဦးကို ငွေကျပ် ၃၅၀၀၀ သတ်မှတ်ထားပါတယ်။ ဒီ Package ထဲမှာ မနက်စာ၊ နေ့လယ်စာ၊ ညနေစာ အပြင် အဆာပြေစာအထိ ပါဝင်ပြီး အချိန်က မနက် ၈ နာရီခွဲကနေ ညနေ ၄ နာရီခွဲအထိ ဖြစ်ပါတယ်။

**စိုက်ပျိုးရေးလုပ်ငန်းတွေကို လေ့လာနိုင်**

Cozy Farm က ခြံအကျယ်ကြီး ဖြစ်ပြီး ၄၈ ဧကနီးပါး ကျယ်ပါတယ်။ ဒီခရီးစဉ်ဟာ စိုက်ပျိုးရေးကို အခြေခံပြီး ခရီးသွားလုပ်ငန်းကို လုပ်ကိုင်နေတာမို့ မျိုးစပါးထုတ်လုပ်တာကနေ ရိတ်သိမ်း တဲ့အထိ လေ့လာနိုင်သလို မှိုစိုက်ပျိုးတာ တွေကိုလည်း ရာသီချိန်အလိုက် လေ့လာ နိုင်ပါတယ်။

စပါးစိုက်ပျိုးမှုအတွေ့အကြုံတွေကို လေ့လာလို့ရနိုင်သလို အခုကာလဆိုရင် တော့ ဆန်ဖွပ်တာကို ကိုယ်တိုင်ပြုလုပ် လို့လည်း ရနိုင်ပါသေးတယ်။ ဗဟုသုတ လည်းရရှိနိုင်သလို အတွေ့အကြုံအသစ် တွေကိုလည်း ရရှိစေနိုင်ပါတယ်။

**ရန်ကုန်မြို့အခြေပြု ခရီးစဉ်အသစ်တွေ ဖော်ဆောင်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီး စဉ်ဒေသတွေ ရေရှည်တည်တံ့ဖွံ့ဖြိုး တိုးတက်ရေးနဲ့ ဆွဲဆောင်မှုနေရာအသစ် တွေကို ဖော်ထုတ်နိုင်ဖို့ ရန်ကုန်တိုင်း ဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဖိုရမ်ကို ပြီးခဲ့တဲ့ ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့ပါတယ်။ ရန်ကုန်မြို့ အခြေပြု နေ့ချင်းပြန်သွားလို့ရတဲ့ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီးဘက် တွေကို အလည်အပတ်ခရီးစဉ်တွေ ဖော်ဆောင်ပေးနိုင်ဖို့ ဖိုရမ်မှာ တက်ရောက်လာသူတချို့က တင်ပြ ဆွေးနွေးခဲ့ကြပါတယ်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ ချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်မင်းလှိုင်ကတော့ “လှည်းကူး ဒေသမှာ စိုက်ပျိုးရေးကို အခြေခံပြီး ခရီးသွားလုပ်ငန်းကို လုပ်ကိုင်နေတဲ့ Farm အနည်းငယ်လောက်သာရှိပါတယ်။ ရှိပြီးသားခရီးစဉ်တွေကို ထိန်းသိမ်းပြီး အသစ်အသစ်တွေကို ဖော်ထုတ်ပေးနိုင် ရင် ပိုပြီးကောင်းပါတယ်”လို့ စာရေးသူကို ပြောပါတယ်။



လမ်းလျှောက်ရင်း အပန်းဖြေနိုင်ရန် သဘာဝဆန်ဆန် ဖန်တီးပေးထားသည့် ခြံအတွင်းလမ်း။

လှည်းကူးမြို့မှာ နှစ်ရှည်သီးနှံတွေ စိုက်ပျိုးကြသလို ဖရဲ၊ ကြက်သွန် စတာ တွေကိုလည်း ကြားညှပ်စိုက်ပျိုးပါတယ်။ စက်မှုလုပ်ငန်းအနေနဲ့ ဆန်စက်၊ ဆီစက်၊ စက်ပြင်၊ တွင်ခုံလုပ်ငန်း ၂၃ ခု၊ စက်မှု လက်မှုလုပ်ငန်း ၁၂ ခုရှိပြီး စီးပွားဖြစ် သစ်ပင်စိုက်ပျိုးသူ ၆၄ ဦး ရှိပါတယ်။ မြို့နယ်ထဲက ဒါးပိန်ပန်းပုလုပ်ငန်းဆိုရင် နာမည်ကျော်ကြားလှတဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။

ဒါကြောင့်မို့ ရန်ကုန်မြို့အနီးမှာရှိပြီး စိုက်ပျိုးရေးကိုအခြေခံကာ ခရီးသွား လုပ်ငန်းနဲ့ တွဲဖက်ပေါင်းစပ်ဖော်ဆောင် ထားတဲ့ လှည်းကူးမြို့မှ Cozy Farm ကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြလိုက်ပါတယ်။ ။

**❖ ဒီခရီးစဉ်ဟာ စိုက်ပျိုးရေးကို အခြေခံပြီး ခရီးသွားလုပ်ငန်းကို လုပ်ကိုင်နေတာမို့ မျိုးစပါး ထုတ်လုပ်တာကနေ ရိတ်သိမ်းတဲ့ အထိ လေ့လာနိုင်သလို မှိုစိုက်ပျိုး တာတွေကိုလည်း ရာသီချိန် အလိုက် လေ့လာနိုင်ပါတယ်**

**❖ စပါးစိုက်ပျိုးမှု အတွေ့အကြုံတွေ ကို လေ့လာလို့ရနိုင်သလို အခု ကာလဆိုရင်တော့ ဆန်ဖွပ်တာ ကို ကိုယ်တိုင်ပြုလုပ်လို့လည်း ရနိုင်ပါသေးတယ်**





ခြံအတွင်းသို့ လာရောက်လည်ပတ်သူများ အနားယူနိုင်မည့် လုံးချင်းအဆောင်နှင့် ရွက်ဖျင်တဲ။



အပျော်လှေစီးနေသူများ။

# တိုက်ကြီးမြို့နယ် အဖျောက်မြို့ ပိတုန်းပိတ်ပန်းတာကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု



**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များသည် ယမန်နေ့ ညနေပိုင်းက တိုက်ကြီးမြို့နယ် အဖျောက်မြို့ ပိတုန်းပိတ်ပန်းတာကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

**ထောက်ပံ့ငွေများနှင့်စားသောက်ကုန်များပေးအပ်**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပိတုန်းပိတ်ပန်းတာကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ဒေသခံပြည်သူများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွဲ့များအား ထောက်ပံ့ငွေများနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရှင်းလင်းဆောင်တွင် တာကြံ့ခိုင်မှုအခြေအနေများ၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများအတွက် ရေကင်းစခန်းများ ဖွင့်လှစ်ထားရှိမှု၊ အရေးပေါ်ပစ္စည်းများ စုဆောင်းထားရှိမှုနှင့် ရေဘေးကာကွယ်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

**အမြဲမပြတ်ကွင်းဆင်းကြည့်ရှုစစ်ဆေး**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အနိမ့်ပိုင်းဒေသတွင်နေထိုင်ကြသည့် သက်ကြီးရွယ်အိုများ၊ ကလေးများ၊ မွေးမြူထားရှိသောတိရစ္ဆာန်များအား ရုတ်တရက် ရေဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ရေလွတ်ရာနေရာများသို့ အချိန်မီပြောင်းရွှေ့ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်ဖွဲ့စည်းထားသည့် ခရိုင် / မြို့နယ် / ရပ်ကွက်/ ကျေးရွာအဖွဲ့များက အမြဲမပြတ်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်ပညာပေးလုပ်ငန်းများနှင့် အကူအညီများကို အချိန်နှင့်တစ်ပြေးညီ ဝိုင်းဝန်း၍ ဆောင်ရွက်ပေးနိုင်ရေးနှင့် တာတမံနိမ့်ကျမှုကြောင့် ရေကျော်ခြင်း၊ သဲဗွက်ထခြင်း၊ တာအိခြင်း၊ ရေပေါက် (ထူးပေါက်) ပေါက်ခြင်း စသည့်တာတမံထိခိုက်စေနိုင်သည့်အချက်များ တွေ့ရှိပါက ချက်ချင်းသိ၊ ချက်ချင်းအမြန်ဆောင်ရွက်ရန်၊ ကာကွယ်ရေးလုပ်ငန်းစဉ်များကို သတိ၊ ဝီရိယထား၍ စောင့်ကြပ်ကြည့်ရှုရန်၊ ဖွဲ့စည်းထားရှိသည့်အဖွဲ့များက ရေကင်း၊ လှည့်ကင်းများကို အမြဲမပြတ် လှည့်လည်ကြည့်ရှု စစ်ဆေးနေကြရန်နှင့် အဖွဲ့များအချင်းချင်း ဆက်သွယ်ရေးစနစ်များမပြတ်ရရှိနေရန်လိုအပ်ကြောင်းနှင့် လုပ်ငန်းစဉ်များအားလုံးကို ဌာနဆိုင်ရာတာဝန်ရှိသူများက အထူးအလေးအနက်ထား လိုက်နာဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်



**ထားဝယ် ဇူလိုင် ၂၀**

(၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဆိုကရေးတီးနှင့်ပတ်သက်၍ အဓိကအနေဖြင့် ပညာပိုင်းဆိုင်ရာ ပြိုင်ဆိုင်ရခြင်းဖြစ်သည့်အတွက်ကြောင့် ပြိုင်ပွဲဝင်များအား ကြိုတင်စုဆောင်းနိုင်ရန်၊ လေ့ကျင့်သည့်အပိုင်းတွင်လည်း ပြင်ဆင်ထားရှိရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးတွင် ယခင်က ပညာရှင်များ ပေါ်ထွန်းခဲ့ပြီး ယခုအခါ တိမ်ကောပျောက်ကွယ်လုနီးပါး ဖြစ်နေသောကြောင့် ဆိုကရေးတီးပညာရှင်များပေါ်ထွန်းလာအောင် ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ထားဝယ်ဒေသတွင် ဇာတ်သဘင်နှင့် ရုပ်သေးပညာရှင်များ ရှားပါးလာသောကြောင့် အခက်အခဲရှိသည့်အတွက် ပညာရှင်များ ရှာဖွေစုဆောင်းပြီး တိုင်းဒေသကြီးအတွက် ဆောင်ရွက်နိုင်အောင် အစည်းအဝေးပြုလုပ်ရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးတွင် ယခင်က အစဉ်အလာရှိခဲ့သော ပညာရှင်များနှင့်ဆက်စပ်၍ ရှာဖွေရန်၊ နေပြည်တော်တွင် သွားရောက်ယှဉ်ပြိုင်သည့်အခါတွင် တိုင်းဂုဏ်ဆောင်နိုင်အောင် ယှဉ်ပြိုင်ရန်လည်း လိုအပ်ကြောင်း၊ တက်ရောက်လာသော ပညာရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းပြီး အကြံဉာဏ်များပေးရန်နှင့်အခြေခံရှိသူများကိုလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ကော်မတီဝင်များက အခမ်းအနားပြင်ဆင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ကြိုဆိုနေရာချထားရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ ဖိတ်ကြားရေး၊ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေး၊ဘဏ္ဍာငွေရှာဖွေရေးနှင့်ဆုချီးမြှင့်ရေး၊ ပြိုင်ပွဲစိစစ်ရွေးချယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ဧည့်ခံကျွေးမွေးရေး စသည့်လုပ်ငန်းကော်မတီအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

**တာချီလိတ် ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ မြန်မာ – ထိုင်း နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံမှ တာဝန်ရှိသူများ ဇူလိုင် ၁၇ ရက်က 1G1–11 ဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ နာပင်သွန် ဆရီစာပန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များက နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် နည်းလမ်းများရှာဖွေရန်၊ အမြင်များဖလှယ်ရန်ရည်ရွယ်၍ တွေ့ဆုံဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းကုန်သွယ်ဖက်နိုင်ငံများအနက် ထိုင်းနိုင်ငံသည် ဒုတိယကုန်သွယ်မှုအများဆုံးနိုင်ငံဖြစ်ပြီး အာဆီယံနိုင်ငံများတွင် ကုန်သွယ်မှုအများဆုံးနိုင်ငံဖြစ်ကြောင်း၊ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့၊ ကြက်သွန်နီ၊ ချုပ်ပြီးအထည်၊ ရာဘာစိမ်း၊ မတ်ပဲ၊ သတ္တုနှင့် သတ္တုရိုင်းများ၊ ပဲတီစိမ်းနှင့် နှမ်းတို့ကို တင်ပို့လျက်ရှိပြီး ပြောင်းနှင့် ထောပတ်သီးများကိုလည်း တရားဝင်တင်ပို့နိုင်ရေးအတွက် လိုအပ်သည့်အချက်အလက်များကို ပေးပို့စေလိုကြောင်း၊ သီးနှံများ တင်ပို့သည့်အခါ အရည်အသွေးပြည့်မီရန်အတွက် စက်ကိရိယာများကို နမူနာပို့ပေးစေလိုကြောင်း။

ထိုင်းနိုင်ငံမှလည်း အဓိကသွင်းကုန်များအနေဖြင့် စက်နှင့်စက်ပစ္စည်းများ၊ ရေနံထွက်ပစ္စည်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ စက္ကူအမျိုးမျိုး၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ချည်ထည်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများကို တင်သွင်းလျက်ရှိနေပြီး နယ်စပ်ကုန်သွယ်မှုတွင် လုံခြုံရေးဆိုင်ရာ အကန့်အသတ်များကြောင့် လိုင်စင်များကို သက်ဆိုင်ရာနိုင်ငံအလိုက် နယ်စပ်ဂိတ်ပေါက်များ ပြောင်းလဲတင်ပို့ခွင့်ပြုထားပြီ ဖြစ်ကြောင်း၊ ထို့အတူ ရန်ကုန် – ကော့သောင်း – ရနောင်း လမ်းကြောင်းကို ကမ်းရိုးတန်းသွားသင်္ဘောများဖြင့် ကွန်တိန်နာအသုံးပြုကာ နယ်စပ်ကုန်သွယ်မှုနည်းလမ်းအဖြစ် ဆောင်ရွက်ရန်လည်း ဆောင်ရွက်ခွင့်ပြုပေးလျက် ရှိပါကြောင်းနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအတွက် ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ရန် အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ထိုင်းနိုင်ငံဘက်မှ ကျောက်တာ့ခ်လှုပ်ရှားတပ်ဖွဲ့မှ ဗိုလ်မှူးကြီး နထီးထင်း(မ်)စိန် ဦးစီးသည့် အဖွဲ့ဝင်များနှင့် မြန်မာဘက်မှ နယ်မြေခံတပ်မှ ဒုဗိုလ်မှူးကြီး အောင်လင်းဦး ဦးစီးသည့် နှစ်နိုင်ငံကိုယ်စားလှယ် အဖွဲ့ဝင်များက နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တောမီးရှို့ခြင်းနှင့် မီးခိုးမြူငွေ့ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်မှုများနှင့်အသိပညာပေးခြင်းလုပ်ငန်းဆောင်ရွက်မှုများကို နှစ်ဖက်နိုင်ငံမှ တာဝန်ရှိသူများက အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျာလင်း (ပြန်/ဆက်)**



# ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်းသို့ ကျောင်းသုံးပစ္စည်းများလှူဒါန်း

**လယ်ဝေး ဇူလိုင် ၂၀**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈)အခြေခံပညာ အထက်တန်းကျောင်းသို့ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ကျောင်းသုံးပစ္စည်းများလှူဒါန်းပွဲကို ဇူလိုင် ၁၈ ရက်ကကျင်းပရာ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးဇော်မျိုးအောင်က လှူဒါန်းရခြင်းရည်ရွယ်ချက် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအတွက် လွယ်အိတ် (အကြီး) အလုံး ၅၀၀၊ လွယ်အိတ်(အသေး) အလုံး ၁၀၀၀၊ ခဲတံ ၁၁ ချောင်းပါကတ် ၅၀၀၊ ကွန်ပါဘူး ၅၀၀၊ ဗလာစာအုပ်ဒါဇင် ၅၀၀ စုစုပေါင်းတန်ဖိုးကျပ်သိန်း ၃၅၀နှင့် ငွေကျပ် ငါးသိန်းကို လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးငြိမ်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် တစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ခြောက်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့နှင့် ရွှေစာရံတို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေမှ လေးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် လေးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် နှစ်ပေမှ လေးပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ



## ပခုက္ကူမြို့နယ်၌ ရေဘေးရှောင် ပြည်သူဦးရေ ၈၅၀၀ ကျော်ရှိ

**ပခုက္ကူ ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် လူနေအိမ်များအတွင်း မြစ်ရေဝင်ရောက်လျက်ရှိရာ ရေဘေးရှောင်ပြည်သူဦးရေ ၈၅၀၀ ကျော်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ပခုက္ကူမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု လေးအုပ်စုတွင် မြစ်ရေဝင်ရောက်ခဲ့မှုကြောင့် ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မြို့နယ်အတွင်းရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ၂၈ ခုဖွင့်လှစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ယာယီကူညီပြောင်းရွှေ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ လိုအပ်သည့်အခြေခံစားသောက်ကုန်ပစ္စည်းများ ကူညီထောက်ပံ့ခြင်းများဆောင်ရွက်ပေးလျက်ရှိရာ ယခုအချိန်အထိ ရေဘေးရှောင်ပြည်သူဦးရေ ၈၅၀၀ကျော်အထိရှိနေကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိမှုအခြေအနေများ

**နေပြည်တော် ဇူလိုင် ၂၀**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် (၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချောက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် (၇,စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၆၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အောင်လံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ခန့်(၂၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် (၁၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော်ခန့် (၉၇ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော်ခန့် (၉၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၅၀ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ကလေးဝမြို့တွင် ၅၀ ဒသမ ၃၉ ပေ (၁၅၃၆ စင်တီမီတာ)သို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၅၀ ဒသမ ၈၅ ပေ (၁၅၅၀ စင်တီမီတာ) အောက်သို့ ပေဝက်ခန့် (၁၄ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၄၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုးမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ပြည်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ သာပေါင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဆိပ်သာမြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ



# အာဆီယံ - တရုတ် အသက် ၁၈ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲတွင် မြန်မာဘတ်စကက်ဘောအားကစားအဖွဲ့ ငွေတံဆိပ်ဆုရရှိ

**ရန်ကုန် ဇူလိုင် ၂၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် မယ်လီပိုခရိုင်တွင် ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် ASEN – China Touth Basketball Tou–Rnament and Cultural Exchan XCHAN 3x3 အသက် ၁၈ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲသို့ မြန်မာဘတ်စကက်ဘောအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယ(ငွေ) တံဆိပ်ဆုနှင့် အကောင်းဆုံး ကစားသမားဆု ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် တရုတ်အသင်းက ပထမ(ရွှေ)၊ မြန်မာအသင်းက ဒုတိယ(ငွေ)၊ မလေးရှားအသင်းက ဒုတိယ(ငွေ)၊ ထိုင်းအသင်းက တတိယ(ကြေး)တံဆိပ် ရရှိခဲ့ကြပြီး မြန်မာအသင်းမှ စိုင်းအောင်အောင်က အကောင်းဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင် တရုတ်အသင်းက ငါးသင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် မြန်မာတို့က တစ်သင်းစီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ ဘတ်စကက်ဘော အားကစားအဖွဲ့တွင် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်၊ နည်းပြနှင့် အားကစားသမား ငါးဦး စုစုပေါင်း ခုနစ်ဦးတို့သည် ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ အမှုဆောင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ မိဘဆွေမျိုးများ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။(အပေါ်ပုံ)

**အာကာစိုး**

# ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**တောင်ငူ ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေးဒီဂရီကောလိပ်၌ ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖလား ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ဆရာအတတ်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်က ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများကို လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေတင်ဆက်ကြသည်။ အဆိုပါ မိုးရာသီပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို နိုင်ငံတစ်ဝန်းရှိ ပညာရေးဒီဂရီကောလိပ်ကျောင်း ၂၄ ကျောင်းမှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပိုက်ကျော်ခြင်း (အမျိုးသား) နှစ်ယောက်တွဲပြိုင်ပွဲတွင် ပွဲစဉ်အုပ်စု ရှစ်အုပ်စု၊ ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲပြိုင်ပွဲတွင် ပွဲစဉ်အုပ်စု ရှစ်အုပ်စုနှင့် ပိုက်ကျော်ခြင်း (အမျိုးသား) လေးယောက်တွဲပြိုင်ပွဲတွင် ပွဲစဉ်အုပ်စု ရှစ်အုပ်စုတို့ဖြင့် ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း တောင်ငူပညာရေးဒီဂရီကောလိပ်မှ သိရသည်။

**ဇော်ကိုကို (တောင်ငူ)**




# အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ (မန္တလေး) ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံး ဆပ်ကော်မတီကကြီးမှူးကျင်းပသည့် အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ (မန္တလေး)ပြိုင်ပွဲ (Women' Futsal Cup Mandalay 2024) ပြိုင်ပွဲ အကြိုမန်နေဂျာတွေ့ဆုံပွဲနှင့် အုပ်စုအဆင့်မဲခွဲပွဲကို ဇူလိုင် ၁၈ ရက် က Min Khant Myanmar Sports Complex ရှိ ကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌဦးမျိုးဇာနည်ကို က အမှာစကားပြောကြားကာ အတွင်းရေးမှူး ဦးစိုးကြည်သောင်းက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက်ပြိုင်ပွဲဝင်အသင်းများက သိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အမျိုးသမီးဖူဆယ်ပြိုင်ပွဲကို အသင်း ငါးသင်းဖြင့် အုပ်စုပတ်လည်စနစ် ကစားမည်ဖြစ်ပြီး အဆင့် ၁ နှင့် ၂ ရရှိသောအသင်း နှစ်သင်းကို ဗိုလ်လုပွဲ၊ အဆင့် ၃ နှင့် ၄ ရရှိသည့် အသင်း နှစ်သင်းကို တတိယနေရာလုပွဲ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ၂၉ ရက်အထိ မန္တလာသီရိ အားကစားကွင်းဘက်စုံအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**



## မန်ယူတောင်ပံတိုက်စစ်ကစားသမား ဂရင်းဝုဒ်ကို မာဆေးလ်အသင်း ခေါ်ယူ

ပြင်သစ်ကလပ် မာဆေးလ်အသင်းသည် မန်ယူအသင်းမှ တောင်ပံတိုက်စစ်ကစားသမား မေဆင် ဂရင်းဝုဒ်ကို ပြောင်းရွှေ့ကြေး ပေါင် ၂၆ ဒသမ ၆ သန်းဖြင့် ၂၀၂၉ ခုနှစ်အထိ စာချုပ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် တောင်ပံတိုက်စစ်ကစားသမားသည် မန်ယူအကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း အသင်းအတွက် ကစားထားရခြင်း မရှိသေးပေ။ ၎င်းသည် ပြီးခဲ့သည့် ရာသီတွင် ဂီတာဖေးအသင်းတွင် အငှားကစားခဲ့သည်။ ၎င်းသည် ၂၀၁၉ ခုနှစ်တွင် အိုးထရက်ဖို့ဒ်၌ လူစားဝင်ကစားသမားအဖြစ် ပွဲဦးထွက်ပါဝင်ကစားခွင့်ရရှိခဲ့သည်။ အသင်းအတွက် ပြိုင်ပွဲပေါင်း ၁၂၉ ပွဲ ပါဝင်ကစားထားပြီး ၃၅ ဂိုး သွင်းယူပေးထားနိုင်သည်။




## စီးရီးအေကလပ် ကိုမို အသင်းနည်းပြ ဖာဘရီဂတ်စ်ဖြစ်လာ

အသက် ၃၇ နှစ်အရွယ် ဖာဘရီဂတ်စ်သည် စီးရီးအေ ကလပ် ကိုမိုအသင်းနှင့် လေးနှစ်စာချုပ်ချုပ်ဆိုလိုက်ပြီ ဖြစ်ကြောင်း သိရသည်။ ကိုမိုအသင်းသည် ၂၁ နှစ်ကြာပြီးနောက် ပြီးခဲ့သည့် ရာသီတွင် အီတလီစီးရီးအေသို့ တန်းပြန်တက်ခွင့်ရသည့်အသင်း ဖြစ်သည်။ ကိုမိုအသင်းသည် စီးရီးအေအဖွင့်ပွဲစဉ်တွင် နာမည်ကြီး ဂျူဗင်တပ်စ်အသင်းနှင့် စတင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

## လိုင်လီခံစစ်ကစားသမား ရိုယို ကို မန်ယူအသင်း ခေါ်ယူ

မန်ယူအသင်းသည် လိုင်လီအသင်းမှ ပြင်သစ်ခံစစ်ကစားသမား ရိုယို ကို ပေါင် ၅၂ ဒသမ ၁၈ သန်းဖြင့် ၂၀၂၉ ခုနှစ်အထိ စာချုပ်ခေါ်ယူလိုက်ပြီ ဖြစ်သည်။ အသက် ၁၈ နှစ်အရွယ် ကစားသမားသည် အိုးထရက်ဖို့ဒ်၌ နောက်ထပ်တစ်နှစ်သက်တမ်းတိုးခွင့်အပါအဝင် ငါးနှစ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီ၌ လိုင်လီအသင်းတွင် ၃၂ ပွဲပါဝင်



ကစားထားပြီး နှစ်ဂိုးသွင်းကာ အသင်းကို အဆင့် (၄) ဖြင့် ရာသီပိတ်သိမ်းနိုင်အောင် ကူညီပေးထားနိုင်သည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- မန်ယူအသင်းသည် ယခုနှစ်နွေရာသီတွင် အသင်းမှ အသက် ၂၄ နှစ်အရွယ် ဘရာဇီးတိုက်စစ်ကစားသမား အန်တိုနီကို အငှားထွက်ကစားခွင့်ပြုဖွယ်ရှိသည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းသည် အာဆင်နယ်နှင့် အင်္ဂလန်ကွင်းလယ်ကစားသမား စမစ်ရိုဝီအတွက် ပေါင်သန်း ၃၀ ဖြင့် ကမ်းလှမ်းရန် အဆင်သင့်ရှိနေသည်။
- ဘရာဇီးတိုက်စစ်ကစားသမား ရစ်ချတ်လီဆန် (၂၇နှစ်) သည် ဆော်ဒီပရီလိဂ်သို့ ပြောင်းရွှေ့ကစားလိုနေပြီး စပါးအသင်းက ၎င်းအတွက် ပေါင်သန်း ၆၀ အလိုရှိနေသည်။
- ပီအက်စ်ဂျီအသင်းက နာပိုလီအသင်းမှ နိုင်ဂျီးရီးယားတိုက်စစ်ကစားသမား အိုစင်မန် (၂၅နှစ်) ကို ခေါ်ယူရေး လက်ဦးမှုရယူရန် နီးစပ်နေသော်လည်း ချယ်ဆီးအသင်းက အဆိုပါ ကစားသမားကို ခေါ်ယူရန် လက်လျှော့မည် မဟုတ်ကြောင်း သိရသည်။

■ **မိုးဇက် – စုစည်းသည်**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Knorr ကြက်သားမှုန့် ၈၀၀ ဂရမ်ပါအထုပ် ၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို လည်းကောင်း၊ ဝေါမြို့နယ်၊ ကန်တော်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၁၁)၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ဟင်းသီးဟင်းရွက်ဆီ ၁၈ လီတာပါ ၁၀၃ ပုံး အပါအဝင်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၆၂၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၇၁၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၇ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Window Lock ၁၉၁၇ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။

၈၄၇၂၈၇၀) ကို လည်းကောင်း၊ ဇူလိုင် ၁၈ ရက်တွင် ရွာသာကြီး Dry Port ၌ တာချီလိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော တရုတ်နိုင်ငံထုတ် Organik Tissue Paper ၄၀၅၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၃၄၅၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၆၀၇၄၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၈ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Air Pump နှစ်ခု အပါအဝင်ကုန်ပစ္စည်း ငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) နှင့် တမူးမြို့၊ စော်ဘွား(၄) ရပ်ကွက်၌ လိုင်စင်မဲ့ Toyomax-125 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ တရားမဝင် မီးသွေး (၄၂ ဒသမ ၆၆၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၁၄၉၄၂၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် မဟာယူနိုက်တက်နှင့် Dagon Port နိုင်ပွဲရရှိ

**ရန်ကုန် ဇူလိုင် ၂၀**

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၇) ပထမနေ့ကို ဇူလိုင် ၂၀ ရက်က ကျင်းပရာ မဟာယူနိုက်တက်အသင်းနှင့် Dagon Port အသင်း အနိုင်ရခဲ့သည်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နိုင်ပွဲမရသေးသည့် ဇယားအောက်ဆုံးမှနှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး မဟာယူနိုက်တက်အသင်းက ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် သွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ငါးမိနစ်တွင် မျိုးခိုင်နှင့် ၄၁ မိနစ်တွင် လွင်မိုးအောင်တို့က ဂိုးများသွင်းယူခဲ့သည်။

ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်အသင်းမှ မျိုးခိုင်က ရရှိသည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ခြောက်ပွဲကစား လေးမှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ခြောက်ပွဲကစား တစ်မှတ် ရရှိထားသည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် Dagon Port အသင်းက မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Dagon Port အသင်းအတွက် အနိုင်ဂိုးကို ၈၉ မိနစ်တွင် သက်ပိုင်ထွဋ်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Dagon Port အသင်းမှ တင်လင်းအောင်က ရရှိသည်။ ယခုပွဲအပြီးတွင် Dagon Port အသင်းက ခြောက်ပွဲကစား ရှစ်မှတ်၊ မြဝတီအသင်းက ခုနစ်ပွဲကစား လေးမှတ် ရရှိထားသည်။

ပွဲစဉ် (၇) ဒုတိယနေ့အဖြစ် ဇူလိုင် ၂၁ ရက် **(ယနေ့)** တွင် ပဒုမ္မာကွင်း၌ ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်၊ တောင်ဒဂုံကွင်း၌ ဒဂုံစတားယူနိုက်တက်နှင့် Junior Lions၊ စလင်းကွင်း၌ ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

○ *ကျောဖုံးမှ*

ဒုတိယမြောက် နိုင်ပွဲရယူနိုင်ခဲ့သော်လည်း ရခိုင်ယူနိုက်တက်အသင်းမှာမူ ယခုရာသီတွင် ရှန်းကန်နေရပြီး သုံးပွဲဆက်တိုက် အရေးနိမ့်ထားသည်။ လိဂ်ပြိုင်ပွဲမစတင်မီ နိုင်ငံခြားသားနည်းပြချုပ်၊ ပြည်တွင်းအမာခံကစားသမားအများစုနှင့် လမ်းခွဲခဲ့ရသည့် ရခိုင်ယူနိုက်တက်အသင်းသည် ရာသီအစပွဲများတွင် ရှန်းကန်နေရခြင်းဖြစ်သည်။

ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၃ မိနစ်တွင် မန်ထိပ်ပေါင်က ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ချေပဂိုးရရန် တိုက်စစ်အားပြုကစားလာပြီး မိနစ် ၂၀ တွင် တိုက်စစ်မှူး ပက်ထရစ်က ဂိုးပြန်သွင်းခဲ့သည်။

သရေကျပြီးနောက်ပိုင်းတွင် မဟာယူနိုက်တက်အသင်းက ဆက်တိုက်ဖိအားပေးလာနိုင်ပြီး ၂၈၊ ၄၁ မိနစ်တွင် အောင်လှိုင်ဝင်းက နှစ်ဂိုးဆက်သွင်းယူကာ ပထမပိုင်းအပြီးတွင် သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်ကစားနိုင်သော်လည်း မိနစ် ၇၀ တွင် ပက်ထရစ်က မဟာယူနိုက်တက်အသင်းအတွက် စတုတ္ထဂိုး ထပ်မံသွင်းယူခဲ့သည်။

ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား အောင်လှိုင်ဝင်းက ရရှိသည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက သုံးပွဲကစား ခြောက်မှတ်ရထားပြီး ရခိုင်ယူနိုက်တက်အသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် တန်းတက်သစ္စာအားမာန်အသင်းကို အနိုင်ယူကာ နှစ်ပွဲဆက် အနိုင်ရခဲ့သည်။

ပွဲအစ ၁၉ မိနစ်တွင် လှထွန်းက သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၂၈ မိနစ်တွင် ရတနာပုံအသင်း ချေပဂိုးပြန်ရခဲ့ပြီး စိုးမင်းဦးက သွင်းယူခဲ့သည်။ ချေပဂိုးရပြီး သုံးမိနစ်အကြာမှာပင် ရတနာပုံအသင်းအနိုင်ဂိုးရခဲ့ပြီး ကာလပ်က သွင်းယူခဲ့သည်။

ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံအသင်းမှ ကာလပ်က ရရှိသည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းက သုံးပွဲကစား ခုနစ်မှတ် ရထားပြီး သစ္စာအားမာန်အသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ပွဲစဉ် (၃) နောက်ဆုံးနေ့ကို ဇူလိုင် ၂၁ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ Dagon Port အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ပုသိမ်ကွင်း၌ ရှေဝတီယူနိုက်တက်အသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ - MNL**

# အာရှချန်ပီယံလိဂ် အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုမဲခွဲ မြန်မာကလပ် မြဝတီအသင်း အုပ်စု (က) တွင် ကျရောက်

**ရန်ကုန် ဇူလိုင် ၂၀**

၂၀၂၄-၂၀၂၅ ရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲနှင့် နောက်ဆုံးအဆင့် အုပ်စုမဲခွဲပွဲကို ဇူလိုင် ၁၈ ရက်က ပြုလုပ်ရာ မြန်မာအမျိုးသမီးကလပ် မြဝတီအသင်းသည် ခြေစစ်ပွဲ အုပ်စု (က) သို့ ကျရောက်ခဲ့သည်။

ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲ အုပ်စုပွဲများကို ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုမဲခွဲမှုအရ အုပ်စု (က) တွင် မြဝတီ (မြန်မာ)၊ Young Elephants (လာအို)၊ အဘူဒါဘီ (ယူအေအီး)၊ အယ်လ်နာဆာ (ဆော်ဒီအာရေဗျ)၊ အုပ်စု (ခ) တွင် အိုဒီရှာ (အိန္ဒိယ)၊ Lion City Sailors (စင်ကာပူ)၊ အီတီဟတ် (ဂျော်ဒန်)၊ အုပ်စု (ဂ) တွင် PFC Nasaf (ဥဇဘက်ကစ္စတန်)၊ ဆာဘား (မလေးရှား)၊ APF (နီပေါ)၊ အုပ်စု (ဃ) တွင် ဘမ်ခါတွန် (အီရန်)၊ ကစ်ချီ (ဟောင်ကောင်) နှင့် Royal Thimphu College (ဘူတန်) တို့ ပါဝင်သည်။

နောက်ဆုံးအဆင့် အုပ်စုပွဲများကို ယခုနှစ် အောက်တိုဘာတွင် ကျင်းပမည်ဖြစ်ပြီး အုပ်စု သုံးခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ မြန်မာကလပ် မြဝတီအသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက နောက်ဆုံးအဆင့် အုပ်စု (က) သို့ ကျရောက်မည်ဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုမဲခွဲမှုအရ အုပ်စု (က) တွင် ဝူဟန် (တရုတ်)၊ ဟွန်ဒိုင်း (တောင်ကိုရီးယား)၊ ခြေစစ်ပွဲ အုပ်စု (ဂ) မှ ပထမရအသင်း၊ ခြေစစ်ပွဲအုပ်စု (က) မှ ပထမရအသင်း၊ အုပ်စု (ခ) တွင် မဲလ်ဘုန်းစီးတီး (ဩစတြေးလျ)၊ ကာယာ (ဖိလစ်ပိုင်)၊ College of Asian Scholars (ထိုင်း)၊ ခြေစစ်ပွဲ အုပ်စု (ဃ) မှ ပထမရအသင်း၊ အုပ်စု (ဂ) တွင် အူရာဝါရက်ဒိုင်းမွန်း (ဂျပန်)၊ ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ Taichung Blue Whale (တရုတ် (တိုင်ပေ))၊ ခြေစစ်ပွဲ အုပ်စု (ခ) မှ ပထမရအသင်းတို့ ပါဝင်သည်။

**ရဲရင့်လွင်**

✻ *ကျောဖုံးမှ*

ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ရီးရဲမက်ဒရစ်အသင်းတွင် စတင်ခဲ့သူဖြစ်ပြီး နာမည်ကြီး ဂျူဗင်တပ်စ်နှင့် ချယ်ဆီးအသင်းတို့တွင်လည်း ကစားခဲ့ဖူးသူဖြစ်သည်။

## ဆွတ်ခူးရရှိ

မိုရာတာသည် ရီးရဲမက်ဒရစ်အသင်းတွင် ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်နှင့် ဂျူဗင်တပ်စ်အသင်းတွင် စီးရီးအေ အမှတ်ပေးဖလား နှစ်ကြိမ် ဆွတ်ခူးရရှိထားသည်။

ထို့ပြင် ၎င်းသည် ချယ်ဆီးအသင်းတွင် အက်ဖ်အေဖလားကိုလည်း ဆွတ်ခူးရရှိထားသည်။ မိုရာတာသည် မိခင်နိုင်ငံ စပိန်အသင်းအတွက် ပွဲ ၈၀ ကစားထားပြီး ၃၆ ဂိုး သွင်းယူပေးထားသည်။

**အောင်ဇော်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း ကောဒသမတန်း (Grade–11) မှ မောင်ချမ်းမြတ်သော် ၏ ဖခင်အမည်မှန်မှာ ဦးဇာနီထွန်း ၉/ခမစ(နိုင်)၀၁၂၇၈၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အထက–မြို့မကျောင်း Grade–11 တန်းမှ မဇင်မာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၁၄/ရကန(နိုင်)၁၄၁၁၆၂ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဦး**
**၁၄/ရကန(နိုင်)၁၄၁၁၆၂**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အထက၊ ရေကြည် Grade–12(C)မှ မောင်တင်ကိုထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုးလွင် ၁၄/သေခ(နိုင်)၀၀၂၃၃၅ ဖြစ်ပါကြောင်း။

**ဦးကျော်မိုးလွင်**

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ အထက(ခွဲ)သာစည်(ရ)(G–11)မှ မစုပုံချစ်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုအောင် ၉/နထက(နိုင်)၁၅၀၇၈၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊အထက(ခွဲ)ဆည်ကုန်း(G–10)မှ မမြသူအောင်နှင့်(G–9)မှ မောင်ဟိန်းပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးမောင်တူး ၉/မခန(နိုင်)၁၁၀၁၁၆ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၉၁၂၀၂, Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာ ၇/ပမန(နိုင်)၁၈၃၃၆၈ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/97337, Feiling 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောနိုင်ဦး ၈/တတက(နိုင်)၀၁၁၈၃၇ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ၅၂လမ်း (အောက်ဘလောက်)၊ အမှတ်(၂၆/၂၈)ဟု ခေါ်တွင်သော (၄)ခန်းတွဲ (၈)ထပ်ခွဲတိုက်၏ (A–701)၇–လွှာ၊ တိုက်ကိုမျက်နှာမူလျှင်(ဘယ်)ဘယ်ဘက်ထောင့်ခန်း၊ အကျယ်အဝန်း(၃၀ပေx၆၀ပေ)ရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ဆွေအုန်း(ခ)ဒေါ်ခင်ဆွေဝင်း ၁၂/မရက(နိုင်)၀၆၀၄၀၃(AA–၁၀၈၈၅၁)မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နီနီမာ ၁၂/ဒပန(နိုင်)၀၇၀၁၈၀က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နှင်းဝေလွင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၈၇၉၂)** | **(စဉ်–၅၄၃၀၅)** |

**အမှတ်(၂၇၅)၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၅၀၆၄၉၅၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေ အမိန့်–၅၊ နည်းဥပဒေ–၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၄၇

| | | |
|---|---|---|
| ဒေါ်သီတာထွေး | **နှင့်** | ဦးအုံ့မောင်(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်မြငြိမ်း) |
| (တရားလို) | | (တရားပြိုင်) |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (လ–၁၀)၊ (က)ရပ်ကွက်နေ ဦးအုံ့မောင် (ဘ) ဦးကျော်ညွှန့်(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်မြငြိမ်း(ဘ) ဦးမြသောင်း ၉/ကပတ(နိုင်)၀၀၀၃၀၆) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးအုံ့မောင်(ဘ)ဦးကျော်ညွှန့်(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်မြငြိမ်း(ဘ) ဦးမြသောင်း)သင့်အပေါ်၌ တရားလို ဒေါ်သီတာထွေးက မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ–၉)၊ ဦးပိုင်အမှတ်(၇၇)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ အကျယ်အဝန်းရှိ ဦးအုံ့မောင်အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေမာလှိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပြည်သာယာ(ကျန်တော)ရပ်ရှိ အလျား(၅၀')၊ အနံ(၄၀')မြေကွက်အတွင်းမှ အလျား(၂၅)၊ အနံ(၄၀)ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂x ၃)ခန်းပတ်လည်၊ တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးဆန်းဝင်း ၅/ကသန(နိုင်)၀၀၁၇၈၉နှင့် ဇနီး ဒေါ်ခိုင်ခင်ဦး ၅/ကသန(နိုင်)၀၉၃၃၅၇တို့ထံမှ ဒေါ်မြင့်မြင့်ရီ ၅/ကသန(ပြု)၀၀၀၀၂၀က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤနေအိမ်နှင့်မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက အထောက်အထား ပြည့်စုံစွာတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မီမီတင်အေး (LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၁၄၀)၊ ရပ်ကွက်(၂)၊ ကသာမြို့။**
**ဖုန်း–09–444673220**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် ၃/ပဒေသာ၊ ဦးပိုင်အမှတ် (၂၇၁)၊ မြေဧရိယာ(၀. ၁၁၀) ဧကရှိမြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး၊ ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးသောင်းမြင့် ၉/မမန(နိုင်)၀၀၅၁၃၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### အောင်မြေသာစံမြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် –၁၃

| | | |
|---|---|---|
| **ဦးအောင်ကျော်အေး** | **နှင့်** | **ဒေါ်မြစ်** |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၈၇လမ်း၊ ၁၃x၁၄လမ်းကြားနေ ဒေါ်မြစ်(ဘ) ဦးပို (ယခုနေရပ်လိပ်စာ မသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ကျော်အေးမှ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ ဦးပိုင်အမှတ်(၇)၊ ဘိုးဘပိုင်မြေကွက်အတွင်းမှ အနောက်ဘက်အခြမ်း(၁၈x၂၇)ပေ အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်အား တရားလိုနှင့် တရားပြိုင်တို့အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ကြခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆို ပေးစေလိုမှုလျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေသို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင်တို့၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေ ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ(၂၉)ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ်(၉)ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ် ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည့်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည် သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ(၁၅)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်ပါသည်။

**(မြတ်သဇင်နိုင်)**
**တွံဖက်မြို့နယ်တရားသူကြီး(၁)**
**အောင်မြေသာစံမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် –၁၄၀

| | | |
|---|---|---|
| ဒေါ်စန်းဥဏ် | နှင့် | ဒေါ်မှတ် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အရှေ့ရပ်ကွက်နေ ဒေါ်မှတ် (ဘ)ဦးသိန်းဖေ (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်မှတ်သင့်အပေါ်၌ တရားလိုဒေါ်စန်းဥဏ်က ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက် အကွက်အမှတ် (ပပ–၆)၊ ဦးပိုင်အမှတ် (၅၁)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်မှတ်အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၉ ရက်)နေ့ မွန်းမတည့် မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးနိုင်ချမ်း)**
**တွံဖက်မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ ဆင်ခေါင်းကြီးကျေးရွာ၊ ကွင်း/အကွက်အမှတ် (၆၆၄–က/ဆင်ခေါင်း မြောက်–အောင်မင်္ဂလာ)၊ မြေဧရိယာ(၀.၀၅၅) ဧကရှိမြေကွက်အား မြေငှားဂရန်သစ်လျှောက်ထားနိုင်ရေး ဒေါ်မျိုးမျိုးမြင့် ၉/မရမ(နိုင်)၀၂၉၈၇၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)နေ ကျွန်တော် ဦးတင်မောင်ဦး ၉/မထလ(နိုင်)၀၃၄၉၉၅ ကိုင်ဆောင်သူသည် ဒေါ်ခင်သန်းဦး ၉/မမန(နိုင်)၀၂၃၅၉၄နှင့် (၁၅–၉–၁၉၉၆)ခုနှစ်တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ဒေါ်ခင်သန်းဦးသည် (၅–၄–၂၀၁၅)ရက်တွင် ကွယ်လွန်ခဲ့ပြီး နှစ်ဦးပိုင် လက်ထပ်ပွားပစ္စည်းအဖြစ် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၃–က)၊ တပ်ကုန်းရပ်၊ ဦးပိုင်အမှတ်(၆–ဒ)၊ မြေယာအမှတ် (၄၄/၈၅)၊ ဧရိယာ (၀.၁၇၅) ဧကထဲမှ အရှေ့ (၃၆)ပေ၊ တောင်(၃၈)ပေ၊ မြောက်(၅၆)ပေရှိ မြေနှင့်နေအိမ်ကျန်ရစ်ခဲ့ပါသည်။ ဒေါ်ခင်သန်းဦးကွယ်လွန်ပြီးနောက်ပိုင်း ကျွန်တော်မှ တရားဝင်ခင်ပွန်း ဖြစ်ပါသောကြောင့် ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ရှိသူဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေနှင့်နေအိမ်အား ကျွန်တော်တစ်ဦးတည်းမှသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးတင်မောင်ဦး ၉/မထလ(နိုင်)၀၃၄၉၉၅**
**ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့။ ဖုန်း–၀၉–၇၉၇၁၀၇၈၃၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၁ နှင့် ၅)
### မဟာအောင်မြေခရိုင်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၅၂

| | | |
|---|---|---|
| ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(မန္တလေးဘဏ်ခွဲ–၇)(၎င်း၏ ကိုယ်စားအကြီးတန်းမန်နေဂျာ ဒေါ်စန္ဒာကျော်သူ) | နှင့် | ၁။ ဒေါ်စိမ့်စန္ဒီကျော် ၂။ ဒေါ်နဒီလှိုင်း |
| တရားလို | | တရားပြိုင်များ |

မန္တလေးမြို့ အောင်မြေသာစံမြို့ နယ်၊၈၆–၈၈လမ်းကြား ၊ ၈လမ်းမန်းဖော်မွန်ဘီယာဆိုင် နေ(၁)ဒေါ်စိမ့်စန္ဒီ ကျော်(ယခုနေရပ်လိပ်စာမသိ) ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာ၊ နဒီလှိုင်ကွန်ပျူတာစက်ပန်းထိုးနေ (၂)ဒေါ်နဒီလှိုင်း (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက "AUTO LOAN ချေးငွေ၊ အရင်း၊ အတိုး၊ ဒဏ်ကြေး စုစုပေါင်းငွေကျပ် (၃၅၈၄၅၃၀၆.၂၃)ရလိုမှု " ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)
### မဟာအောင်မြေခရိုင်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၉၄

| | | |
|---|---|---|
| ဒေါ်နန်းခင်သိန်းနွယ် | နှင့် | ဦးမောင်မောင်စိုး |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဆူးဖြူရိပ်သာရှေ့၊ ၅၈(ဘီ)လမ်းနှင့်၅၉(ဘီ)လမ်းကြား၊ လမ်း၃၀(အီး)နေ ဦးမောင်မောင်စိုး သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ မွန်း မတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူလာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၇ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုစုလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်၊ နားဟုတ်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် နှင့်အမည်(ကွင်းပြင်ပ)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ (၅.၇၀)ဧက အကျယ်အဝန်းရှိမြေကွက်သည် ဒေါ်နန်းမှိုင်အမည်ဖြင့်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုပုံစံ(၇)ရရှိထားသော ယာမြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်အား အမည်ပေါက်သူ ဒေါ်နန်းမှိုင်၏ ဖခင်ဖြစ်သူ ဦးလုံးထွန်းမှ ဒေါ်ရန်ရှောဝူထံသို့ ငွေများချေးယူထားသည့်အတွက် ၎င်းပိုင်ဆိုင်သည့် အထက်ဖော်ပြပါမြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို အာမခံအဖြစ် အပ်နှံထားခဲ့သည်ကို ဒေါ်နန်းမှိုင်ကိုယ်တိုင်မှလည်း သိရှိထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါမြေကွက်အား ဒေါ်ရန်ရှောဝူ ၏ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းမှ အစပြု၍ တစ်ခြားနည်း တစ်စုံတစ်ရာလွှဲပြောင်းခြင်းနှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်း၊ အမည်ပြောင်းခြင်း၊ အပျောက်လျှောက်ထားခြင်း၊ မြေပိုင်ဆိုင်မှုနှင့် ပတ်သက်သော စာချုပ်စာတမ်းများချုပ်ဆိုရန်အတွက် အခြားနည်းအသုံးပြုခွင့်လျှောက်ထားခြင်းများ ပြုလုပ်လျှောက်ထားလာပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမျိုးမင်းသန့် (LL.B)(စဉ်–၁၈၈၆၁)**
**တရားလွှတ်တော်ရှေ့နေ**
**၃၆လမ်း၊ ၈၈x၈၉လမ်းကြား၊ ဒေး/ရှေ့၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း၊ ၀၉–၄၀၂၅၇၉၈၄၈**

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ အထက(ခွဲ)ပန်းပေါင်း(G–10)မှ မသက်နှင်းဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဦး ၉/တသန(နိုင်)၁၃၆၇၇၈ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝမ်းတွင်းမြို့နေ ဦးအောင်နိုင်၏သား၊ မိတ္ထီလာတက္ကသိုလ် အင်္ဂလိပ်စာ (တတိယနှစ်) မှ မောင်ကောင်းခန့်ကျော်(၉/ဝတန(နိုင်)၂၃၃၉၉၀)နှင့် မောင်အောင်ကျော်စိန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။




## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

